# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်


## မိမိကိုယ်သာ ကိုးကွယ်ရာ

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည် သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိကျဥဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက် စနေနေ့။ Saturday, 24 October 2026 ၁၂၄၁


# ဒုတိယသမ္မတ ဦးညိုစော ၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ★



ဒုတိယသမ္မတ ဦးညိုစော ၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ

**ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ဝင်ခွင့် လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း**

စာမျက်နှာ » ၁၁

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)သင်တန်းဆင်းပွဲများ ကျင်းပ**

စာမျက်နှာ » ၁၂

**ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် KNLA အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့ဝင် ၅၂ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်**

စာမျက်နှာ » ၁၃

## ဝါလကင်းလွတ် သီတင်းကျွတ်


ဆောင်းပါး စာမျက်နှာ » ၉

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အောက်တိုဘာ ၂၄ ရက်တွင် ပိုမိုအားကောင်းလာနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ထို့မှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အောက်တိုဘာ ၂၅ ရက်တွင် အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊

စာမျက်နှာ ၃ ကော်လံ ၆ သို့ ❖



## ပြည်-ပုဂံရထားလမ်းပိုင်းရှိ ရန်ပယ်ချောင်းတံတားပြုပြင်ပြီးစီး၍ အမှတ်(၆၁) အဆန်း၊ (၆၂) အစုန် ရန်ကုန်-ပြည်-ပုဂံ ရထားခရီးစဉ်များပြန်လည်ပြေးဆွဲ

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေစီးဆင်းမှုကြောင့် ရန်ကုန်-ပြည်-ပုဂံ ရထားလမ်းပိုင်း တောင်တွင်းကြီးမြို့နယ် ဝက္ကသေးနှင့်ဆတ်သွားဘူတာအကြား မိုင်တိုင်အမှတ် (၂၄၄/၀)နှင့် (၂၄၄/၃)ရှိ တံတားအမှတ်(၃၄၃) ရန်ပယ်ချောင်းကူး ရထားလမ်းတံတား ရေလယ်တိုင်အမှတ်(၂)နှင့် (၃)တို့ နိမ့်ကျွံမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ တံတားရေလယ်တိုင်များ နိမ့်ဆင်းမှုကြောင့် အမှတ်(၆၁)အဆန် ရန်ကုန်-ပြည်-ပုဂံနှင့် အမှတ်(၆၂)အစုန် ပုဂံ-ပြည်-ရန်ကုန် လူစီးအမြန်ရထားခရီးစဉ်များ ယာယီရပ်တန့်ခဲ့ရပြီး တံတားကို ပြန်လည်ပြုပြင်နေစဉ် ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

## ဘားအံမြို့၌ စိုက်ပျိုးရေးကို အခြေခံသော ခရီးစဉ်တစ်ခုအဖြစ် Kawt Ma Yan Resort ကို မကြာမီဖွင့်လှစ်မည်



ဘားအံ အောက်တိုဘာ ၂၃

ကရင်ပြည်နယ် ဘားအံမြို့၌ စိုက်ပျိုးရေးကိုအခြေခံသော ခရီးစဉ်တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသော Kawt Ma Yan Resort သည် ယခုအခါ ဧဂျ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်ပြီး မကြာမီဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

Kawt Ma Yan Resort သည် ဘားအံမြို့နယ် တော်ပုကျေးရွာအုပ်စု ကော့မရမ်းကျေးရွာတွင်တည်ရှိပြီး ဒေသခံဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်လာစေရေး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

# တောင်သူများကြိုးပမ်းအားထုတ်မှုဂုဏ်ပြု တောင်သူနှင့်ပြည်သူအကျိုးကျေးဇူးခံစား

မြန်မာနိုင်ငံသည် ရေးနှစ်ပေါင်းထောင်ချီကတည်းက ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခဲ့ပြီး စပါးမျိုးရိုးဗီဇအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဝစိန်၊ ပေါဆန်၊ ငကွဲ့ စသည့် စားသုံးထုတ်ကုန်အရည်အသွေးကောင်းမွန်သည့် စပါးမျိုးကွဲမျိုးစုံကို ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ တန်ဖိုးမဖြတ်နိုင်သည့် သဘာဝအမွေအနှစ်ကို တောင်သူနှင့်ပြည်သူများ ရရှိပိုင်ဆိုင်ခံစားကြရသည်။

ဆန်မျိုးကွဲအမျိုးမျိုးတွင် မြန်မာ့ပေါ်ဆန်းသည် အစဉ်အဆက် ထင်ရှားကျော်ကြားခဲ့သည်။ မြန်မာ့ပေါ်ဆန်း၏မူရင်းဒေသသည် ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး ၁၉၄၄ ခုနှစ်တွင် မြောင်းမြစိုက်ပျိုးရေးခြံ၌ မျိုးရွေးချယ်စိုက်ပျိုးမြေမြှုပ်သည့်နည်းစနစ်ဖြင့် ပေါဆန်မွေးမျိုးကို စတင်ပျိုးထောင်ခဲ့သည်။ ယနေ့ဆိုပါလျှင် နှစ်ပေါင်း ၈၀ ကျော်ကြာ သမိုင်းကြောင်းရှိလာခဲ့ပြီးနောက်ပိုင်းတွင် မျိုးကွဲအမျိုးမျိုးဖြစ်ထွန်းလာခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ၊ ဖျာပုံ၊ ပုသိမ်၊ ရေကြည်နှင့် ရွှေတိုပေါဆန်းမွေးတို့သည် ထူးခြားသည့်အရသာနှင့် မွေးရနံ့တို့ကြောင့် လူသိများထင်ရှားကျော်ကြားလာခဲ့သည်။ ယခုအခါ မြန်မာ့ပေါ်ဆန်းမွေးသည် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု(World's Best Rice–2026)ကို ဒုတိယအကြိမ် ဆွတ်ခူးရရှိခဲ့သည်။

ပြီးခဲ့သည့် အောက်တိုဘာ ၉ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပခဲ့သည့် နိုင်ငံတကာဆန်စပါးညီလာခံတွင် မြန်မာ့ပေါ်ဆန်းမွေးသည် ကမ္ဘာ့အကောင်းဆုံးဆန်ဆု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက်သာမက နိုင်ငံသူ နိုင်ငံသားများအတွက်ပါ ဂုဏ်ယူဖွယ်ရာအောင်ဖြင်မှုတစ်ရပ်ဖြစ်သည်။ မြန်မာ့ပေါ်ဆန်းမွေးသည် အစဉ်အဆက် ကမ္ဘာ့အဆင့်အတန်းမီဆန်မျိုးကောင်းဖြစ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာဈေးကွက်တွင် သတင်းမှေးမှိန်ခဲ့သည်။ သို့သော် မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်ဟု သတ်မှတ်ပြီး ဈေးကွက်ဝင်နိုင်ရေးအတွက်လှုံ့ဆော်ခဲ့ရာ တောင်သူများနှင့် တာဝန်ရှိရာအသီးသီး၏ ကြိုးပမ်းအားထုတ်မှုကြောင့် ၂၀၁၁ ခုနှစ်တွင် ပထမအကြိမ် အသိအမှတ်ပြုခံရပြီး ယခုဒုတိယအကြိမ် ထပ်မံအသိအမှတ်ပြုခံရခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆုရ မြန်မာ့ပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က "ယခုအောင်မြင်မှု၏ အဓိကမောင်းနှင်အားသည် လယ်ကွင်းထဲ၌ ကြိုးစားစိုက်ပျိုးခဲ့ကြသည့် တောင်သူလယ်သမားကြိုးများ၏ လုပ်အားနှင့် စေတနာများကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တောင်သူဦးကြိုးများအားလုံးကို အထူးဂုဏ်ပြုချီးကျူးလိုကြောင်း၊ ယခုရရှိခဲ့သည့်ဆုသည် တောင်သူများ၏ ဝင်ငွေတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ရန်လိုကြောင်း၊ ထို့အတွက် အရည်အသွေးမြင့် စပါးထုတ်လုပ်နိုင်ရုံဖြင့် မလုံလောက်ကြောင်း၊ ထိုက်တန်သည့်ဈေးနှုန်းရရှိရန်၊ ထုတ်လုပ်မှုစရိတ်လျော့ချနိုင်ရန်နှင့် ဈေးကွက်ကို တိုက်ရိုက်ချိတ်ဆက်နိုင်ရန်လည်း အရေးကြီးကြောင်း"ပြောကြားသည်။

တောင်သူလယ်သမားဦးကြီးများသည် ဆန်စပါးစိုက်ပျိုးရေးအတွက် ခက်ခဲပင်ပန်းကြီးစွာဖြင့် ရုန်းကန်လုပ်ကိုင်ဆောင်ရွက်ကြရသည်။ ထို့ကြောင့် တောင်သူအစုအဖွဲ့များ ဖွဲ့စည်းပြီး စုပေါင်းစိုက်ပျိုး၊ စုပေါင်းဝယ်ယူ၊ စုပေါင်းရောင်းချသည့် စနစ်ကို အားပေးဆောင်ရွက်သင့်သည်။ ထွက်ရှိလာမည့်စပါးများကိုလည်း ကြိုတင်ဝယ်ယူရေး စာချုပ်များမှတစ်ဆင့် ဆန်စက်လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များထံ တိုက်ရိုက်ချိတ်ဆက်ပေးနိုင်မည်ဆိုပါက တောင်သူများအတွက် ဈေးကွက်အာမခံချက် ပိုမိုရရှိလာမည်ဖြစ်သည်။ တောင်သူ၊ ကုန်သည်၊ ဆန်စက်လုပ်ငန်းရှင်နှင့် ပို့ကုန်လုပ်ငန်းရှင်များအကြား ခိုင်မာသည့်တန်ဖိုးကွင်းဆက်တစ်ခု တည်ဆောက်နိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မြန်မာ့ပေါ်ဆန်း၏ အရည်အသွေးကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးချိန်တွင် အရည်အသွေးထိန်းသိမ်းရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ကမ္ဘာ့ဆန်ဈေးကွက်တွင် ဂျပန်အရည်အသွေးမြင့်ဆန်၊ ထိုင်း၊ အိန္ဒိယနှင့် ဗီယက်နမ်ဆန်တို့သည် ထူးခြားသည့်ဆန်အမျိုးအစားအဖြစ် အသိအမှတ်ပြုခံရပြီး ဆန်ဈေးကွက်တန်ဖိုးကိုတည်ဆောက်နိုင်ခဲ့သည်။ အလားတူ မြန်မာ့ပေါ်ဆန်းသည် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို ဖော်ဆောင်နိုင်သည့် အမျိုးသားအဆင့် အရည်အသွေးမြင့် ထုတ်ကုန်တစ်ခု(National Brand) ဖြစ်လာစေရန် အားလုံးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာ့ပေါ်ဆန် တစ်ခေတ်ဆန်းရမည်ဟု ကြွေးကြော်ခဲ့သည့်အတိုင်း တောင်သူလယ်သမားဦးကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးတို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဂုဏ်ယူဖွယ်ရာ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ မှတ်တိုင်တစ်ခုကို ပိုမိုခိုင်မာအောင် ပိုင်းဝန်းထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ပါမောက္ခဒေါက်တာ မျိုးသက်တင် | ညွှန်ကြားရေးမှူးချုပ် |
| | ပါမောက္ခချုပ် | ကျန်းမာရေးလူ့စွမ်းအား |
| | ဆေးတက္ကသိုလ်(မန္တလေး) | အရင်းအမြစ်ဦးစီးဌာန |
| | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | ကျန်းမာရေးဝန်ကြီးဌာန |
| | ကျန်းမာရေးဝန်ကြီးဌာန | |
| (ခ) | ဒေါ်လဲ့လဲ့အေး | ညွှန်ကြားရေးမှူးချုပ် |
| | ညွှန်ကြားရေးမှူးချုပ် | ပြည်ထောင်စုဝန်ကြီးရုံး |
| | ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် |
| | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် | ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| | ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မိုးညှင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ နိုင်နိုင်လတ်ကို အစစ်မခံနှင့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# (၂၃-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးစျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃ ~ ၃၆၆၆.၃ | ၅၅၈.၁ ~ ၅၅၈.၃ | ၁၂၅.၃ ~ ၁၂၅.၅ | ၄၃.၆ |
| စျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၂၉၆,၄၆၆.၈၉ | ၃,၇၉၄,၂၀၀.၆၁ | ၁၅၄,၈၇၉,၁၆၄.၄၉ | |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ၂၃ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းစျေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **စျေးနှုန်းမှာ ငွေကျပ် ဂ၁၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းစျေးသတ်မှတ်ရေးကော်မတီ**

# ရန်ကုန်စတော့အိတ်ချိန်းစျေးကွက် ၂၃ - ၁၀ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အဝိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၉,၀၀၀ | ၁,၃၀၃ | ၂၅,၃၇၄,၀၀၀ |
| MTSH | ၈,၆၀၀ | ၈,၅၀၀ | ၁၉၅ | ၁,၆၅၉,၅၀၀ |
| MCB | ၁၃,၀၀၀ | ၁၂,၅၀၀ | ၇၃၆ | ၉,၂၀၈,၀၀၀ |
| FPB | ၆,၈၀၀ | ၆,၈၀၀ | ၈၈၆ | ၆,၀၂၄,၈၀၀ |
| TMH | ၃,၃၀၀ | ၃,၃၀၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၇,၇၇၅ | ၁၂,၈၂၈,၇၅၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၂၅ | ၁၀၇,၅၀၀ |
| MAEX | ၆,၄၀၀ | ၆,၄၀၀ | ၇,၀၉၅ | ၄၅,၃၄၈,၅၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၃၀၀ | ၁၂၄ | ၇၈၁,၂၀၀ |
| ASPGB(PLB) | ၅,၇၀၀ | ၅,၇၀၀ | ၂,၄၆၉ | ၁၄,၀၇၃,၃၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း | - ခင်မိုမိုအောင်၊ |
| စာတည်းမှူး | - အောမ်းစိုး | သတင်းထောက်များ | ခင်မျိုးနိုင်၊ မာမာစိုး၊ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ | | ခိုင်သန္တာလွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| | ယုဝါဝါ၊ သီသီမင်း၊ | အငယ်တန်း | - အောင်ကျော်ဦး၊ သန်းတင်အောင် |
| | ဟိန်းထက်လင်း၊ သက်ထွေး၊ | သတင်းထောက်များ | ခင်သက်မွန်၊ မြသီတာ |
| | စန်းယဉ်ဦ၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင်း |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| | စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေ့ပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၇ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)**ကို မှတ်ပုံတင်အမှတ် (၂)၊ ၂၄-၄-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ်(၇/၂၀၂၃)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)**က ၁၆-၁၀-၂၀၂၆ ရက်စွဲပါစာအမှတ်၊ ၂၊ မပတ (ပဖ)၊ ဌနခ၊ ၊ မပဒ ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန် ပါတီဗဟိုအလုပ်အမှုဆောင်အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အတူ တင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၂-၁၀-၂၀၂၆ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ် (၂၈/၂၀၂၆)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၀ (က) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)**ကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

(ဝုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**✯ ရှေ့ဖုံးမှ**

အစည်းအဝေးသို့ ဗဟိုကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်အရ ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီအောက်တွင် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်မည့် ဆပ်ကော်မတီ (၁၀)ခုကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ အဓိပ္ပာယ်ပြည့်ဝစွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်သမ္မတက လွတ်လပ်ရေးနေ့ အမျိုးသားရေဦးတည်ချက်(၄)ရပ်ကို ချမှတ်ပေးခဲ့ကြောင်း။

အဆိုပါ ဦးတည်ချက်(၄)ရပ်မှာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအပေါ် အခြေခံပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အစဉ်ရှေးရှုဖော်ဆောင်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး စုစုစည်းစည်းညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်သူနှင့် အစိုးရသည် မဆုတ်မနစ်သည့်ခွဲလုံလမျှားနှင့် လက်တွဲညီညီဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ကဏ္ဍအလယ်တွင် ဂုဏ်ယူဝုံကြွားနိုင်သော နိုင်ငံတစ်ခုဖြစ်လာစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရေးတို့ဖြစ်ကြောင်း။

**ဆွေးနွေးတင်ပြ**

လွတ်လပ်ရေးနေ့အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ဆပ်ကော်မတီများမှ တာဝန်ရှိသူအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် ယခင်နှစ်များက တွေ့ကြုံခဲ့ရသည့် အားနည်းချက်များနှင့် အားသာချက်များအပေါ် ပြန်လည်သုံးသပ်ပြီး လစ်ဟာမှုမရှိဘဲ ကျင်းပနိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာဖြင့် ပိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ၂၀၂၇ ခုနှစ် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသော ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# ပြည်ထောင်စုလွတ်တော်နာယက အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံ

**မင့်စ် အောက်တိုဘာ ၂၃**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင် ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုလွတ်တော်နာယက အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား ယနေ့နံနက်ပိုင်းတွင် မြန်မာသံရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွတ်တော်နာယကက နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်ရန် သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ သံခင်းတမန်ခင်း နည်းပရိယာယ်ကြွယ်ဝမှုများက မိမိတို့နိုင်ငံအကျိုးစီးပွားကို ပိုမိုဖော်ဆောင်ရန်များစွာ အထောက်အကူပြုပါကြောင်း၊ ထို့ကြောင့် သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းစိုက်ထုတ်၍ မိမိတို့နိုင်ငံတော်အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ သံရုံးမိသားစုများအနေဖြင့် စည်းလုံးစွာ နေထိုင်ပြီး လိုအပ်သည်များရှိလာပါက တစ်ဦးပေါ်တစ်ဦး ကူညီကြရန်လိုအပ်ကြောင်း။



ဘယ်လာရုစ်နိုင်ငံ၏ ပညာသင်ကြားရေးသည် ကမ္ဘာ့အဆင့်မီပညာရေးစနစ်တစ်ခု ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတကာမှ ကျောင်းသားများ လာရောက်ပညာဆည်းပူးလျက်ရှိကြကြောင်း၊ ဘယ်လာရုစ်နိုင်ငံတွင် ပညာသင်ကြားနေသည့် သင်တန်းသားများအနေဖြင့် မိမိတို့သင်ကြားနေသည့် ဘာသာရပ်များကို မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပြန်လည်အသုံးချနိုင်အောင် စနစ်တကျ သေချာလေ့လာသင်ယူကြစေလိုကြောင်း။

သင်တန်းသားများသည် မိမိတို့၏ မိသားစုများနှင့် ခွဲခွာနေထိုင်နေပြီး လာရောက်ပညာသင်ကြားနေခြင်းဖြစ်သည့်အတွက် အချင်းချင်းကူညီရိုင်းပင်းပြီး မိသားစုကဲ့သို့ စည်းလုံးညီညွတ်စွာ နေထိုင်ကြစေလိုကြောင်း၊ ပညာသင်ကြားနေထိုင်စဉ်ကာလအတွင်း ဘယ်လာရုစ်နိုင်ငံ၏ ဥပဒေ၊ စည်းကမ်းများကိုလိုက်နာဆောင်ရွက်သွားကြရန် အထူးမှာကြားလိုပါကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ပြည်ထောင်စုလွတ်တော်နာယကက သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွတ်တော်နာယကနှင့်အဖွဲ့သည် ဘယ်လာရုစ် လွတ်တော်ကိုယ်စားလှယ်များနှင့်အတူ နေ့လယ်စာ သုံးဆောင်သည်။

သတင်းစဉ်

**✱ ပြည်မှ**

ရန်ကုန်-ပျဉ်းမနား-တောင်တွင်းကြီးမှ တစ်ဆင့် ပုဂံသို့ ယာယီလမ်းကြောင်း ပြောင်းလဲပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန်-ပြည်-ပုဂံ ရထားလမ်းပိုင်းတွင် ရထားများပြန်လည်ပြေးဆွဲနိုင်ရန် ရန်ပယ်ချောင်း တံတားပြုပြင်ခြင်းနှင့် အတူ ရန်ကုန်-ပြည် ရထားလမ်းပိုင်းနှင့် ပြည်-အောင်လံ-ဆတ်သွား-တောင်တွင်းကြီး-ပုဂံ ရထားလမ်းပိုင်းတို့အား ရထားလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဖြစ်သည့် ကွန်ကရစ်ဇလီဖား တုံးဖြည့်တင်ခြင်း၊ လမ်းခင်းကျောက်ထည့်သွင်းခြင်း၊ လမ်းမြှောက်ပက်ကင်ရိုက်ခြင်းများဆောင်ရွက်ခဲ့ပြီး ရေတိုက်စားခံရသည့် ရထားလမ်းနှင့်တံတားများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်ခဲ့သည်။

ယခုအခါ အရှည်ပေ ၄၀၀ ရှိကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သော ရန်ပယ်ချောင်းတံတား၏ နှိမ့်ကျံမှုဖြစ်ပွားခဲ့သော ရေလယ်တိုင် အမှတ်(၂)နှင့် အမှတ်(၃)တို့ကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများပြီးစီးပြီး စမ်းသပ်မောင်းနှင်မှုများ ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ရန်ကုန်-ပြည်-ပုဂံ ရထားလမ်းပိုင်း ခရီးစဉ်များကို အောက်တိုဘာ ၂၃ ရက်မှ စတင်၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိကာ လမ်းခရီးတွင်ရပ်တန့်ဘူတာနှင့် လက်မှတ်ခန်းနားများမှာ ယခင်အတိုင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်

**❖ လေဖိအားနည်းရပ်ဝန်းမှ**

အောက်တိုဘာ ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းသို့ ရောက်ရှိနိုင်ပြီး ဆိုင်ကလုန်းမုန်တိုင်း အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ် တောင်ပိုင်းကမ်းခြေတို့သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/၈လ

**❍ ဘားအံမှ**

ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေး၊ ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်စေရေးနှင့် စိုက်ပျိုးရေးကိုအခြေခံသော ခရီးစဉ်တစ်ခု ဖြစ်လာစေရေးတို့ကို ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးစီးပြီး Resort ဖွင့်လှစ်ပါက ခရီးသွားဧည့်သည်များအနေဖြင့် ကိုယ်တိုင် လယ်ယာထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ စပါးခင်းများအကြား အပန်းဖြေအနားယူခြင်းတို့ ဆောင်ရွက်နိုင်မည့်အပြင် ခြေလျင်တောင်တက်ခြင်း၊ စက်ဘီးစီးခြင်း၊ လေ့လော်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Kawt Ma Yan Resort တည်ဆောက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)
■

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကမ်းထိန်း တမံ/နံရံများ ဆောင်ရွက်ပေးနိုင်ရေး၊ ကုန်သွယ်ခွန်များကောက်ခံနေမှုသိလိုခြင်း၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ရန်ပုံငွေပိုများချထားပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ခုနစ်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို တစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၏ **ညောင်တုန်းမြို့၏ ကမ်းနားလမ်းတစ်လျှောက် ကမ်းထိန်း တမံ/နံရံများအား မည်သည့်ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ညောင်တုန်းမြို့ ရေကြီးရေလျှံမှုမှ ကာကွယ်ရန် ကမ်းနားလမ်း မြေသားဖြို့ပတ်တာသာရှိပြီး ပန်းတာများကို မြို့အခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် မြို့ပတ်တာရေတိုက်စားမှု၊ ကမ်းပြိုကျမှုမရှိစေရေးအတွက် ဦးစားပေးအလိုက် ဘိုးပိုင်အခြေပြု ကမ်းထိန်းနံရံတည်ဆောက်ခြင်း လုပ်န်းအား ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ရရှိသည့်ရန်ပုံငွေများဖြင့် အလျား စုစုပေါင်း ၃၇၉၅ ပေကို အခိုင်အမာကာကွယ်ဆောင်ရွက်ထားရှိခဲ့ပါကြောင်း၊ ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်လည်း ညောင်တုန်းမြို့ လမ်း(၄၀)အနီး ရေလမ်းအသုံးပြုခအကောက်စခန်း အနီးတွင် ဘိုးပိုင်အခြေပြုကမ်းထိန်းတမံ အလျား ပေ ၂၅၀ ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် စုစုပေါင်း ၄၀၄၅ ပေ ဆောင်ရွက်ပေးထားနိုင်မည်ဖြစ်ရာ ကျန်ရှိသည့် အလျားမှာ ၂၂၅ ပေ ဖြစ်ပါကြောင်း။

ညောင်တုန်းမြို့အတွင်း ရေလမ်းကြောင်းပြောင်းလဲလာသည့် လက်ရှိအခြေအနေများအရ ပန်းလှိုင်ဖြစ်ပေါ်လာသည့် ရေလယ်ကောင်တွင်း သဲသောင်ပြင်ကြီးမားလာမှုကြောင့် ရန်ကင်းစံရာအရောက်ဘက်ကျွန်းနှင့် တိုးချဲ့ ၄ ရပ်ကွက်နေရာရှိ မြစ်ကမ်းပါးများ မြစ်ရေတိုက်စားကမ်းပြိုမှုများ ဖြစ်ပေါ်လျက်ရှိနေပါကြောင်း၊ အဆိုပါနေရာများတွင် မိုးရာသီအရေးပေါ်ကာကွယ်ရေးအနေဖြင့် Geotextile ကမ်းထိန်းတမံ အလျား ပေ ၁၀၀၀ နှင့် သံမဏိကြိုးဆိုင်းရေကာခြောက်ချောင်းတို့ ဆောင်ရွက်ပေးထားသဖြင့် ရေတိုက်စားကမ်းပြိုမှုမှ အထိုက်အလျောက် ကာကွယ်ပေးထားနိုင်ခဲ့ပါကြောင်း၊ ညောင်တုန်းမြို့အတွင်း ရေလမ်းကြောင်းအား တည်ငြိမ်သောရေလမ်းကြောင်းဖြစ်စေရေး သဲအိတ်ခံကျောက်စီရေကာများဖြင့် ထိန်းသိမ်းပြုပြင်ခြင်းကို လည်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရေနည်းကာလတို့တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ညောင်တုန်းမြို့ရှေ့တွင် ကမ်းထိန်းတမံ အလျားပေ ၂၅၀ နှင့် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ် ဆုံရာ ပန်းလှိုင်မြစ်အစတွင် ညောင်တုန်းမြို့ဘက် ရေစီးကြောင်းကပ်၍စီးခြင်းမှ သက်သာစေရန် ရေလွှဲရေကာလုပ်ငန်းများ ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါကြောင်း၊ ညောင်တုန်းမြို့အင်း ရေလမ်းကြောင်းအား တည်ငြိမ်သောရေလမ်းကြောင်းဖြစ်စေရေး အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ကျန်ရှိသည့်အပိုင်းအား နှစ်အလိုက်ဘဏ္ဍာငွေလျာထား၍ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ကသာမဲဆန္ဒနယ်မှ ဦးတင်ဌေး၏ **အခြားအခွန်များအပြင် ကုန်သွယ်လုပ်ငန်းခွန်များကို မည်ကဲ့သို့**



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကျင်းပစဉ်။

**ကောက်ခံလျက်ရှိကြောင်း သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်ဦးစီးဌာနသည် နိုင်ငံတော်က ချမှတ်ထားသည့် ရသုံးရထိုက်သောအခွန်များ ပြည့်ဝစွာကောက်ခံရာတွင် "ပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေခဲ့ထွင်ခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်များကို ပြည့်ဝစွာကောက်ခံရရှိရေး" မူဝါဒကို လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိသည့်အတွက် ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားကို လက်ရှိအချိန်ထိ တိုးမြှင့်ခြင်းမပြုဘဲ အခွန်လွတ်ကင်းမှုရှိနိုင်သည့် နယ်ပယ်များကိုဖော်ထုတ်၍ အခွန်အခြေခဲ့ထွင်ခြင်း၊ အခွန်အခြေခဲ့ထွင်ရာတွင်လည်း အခွန်ထမ်းအမျိုးအစားအလိုက် အခွန်အခြေခဲ့ထွင်ခြင်းနှင့် လုပ်ငန်းအမျိုးအစားအလိုက် အခွန်အခြေခဲ့ထွင်ခြင်းတို့ကို ဆောင်ရွက်၍ အခွန်ရငွေတိုးတက်စေရေးကိုသာ ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်ငွေများ ပြည့်ဝစွာရရှိနိုင်ရေးအတွက် ရရှိသောအရင်းအမြစ်များကို အသုံးပြု၍ ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် အခြားသောအခွန်များရရှိရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ အခွန်စည်းကြပ်ကောက်ခံမှုများကို ခေတ်နှင့်အညီ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ **မိုင်းခတ်မြို့နယ်ခြောက်ထပ်ကွေ့တောင်လမ်းမကြီးမှဝမ်ကောင်းကျေးရွာသို့ဆက်သွယ်သော အားခေဝမ်ကောင်းမြေသားလမ်းအား အဆင့်တိုးမြှင့်ခင်းပေးခြင်းကို မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အားခေဝမ်ကောင်းလမ်းသည် မိုင်းခတ်မြို့နယ် မိုင်းကာ(အရှေ့)အုပ်စု ခြောက်ထပ်ကွေ့လမ်းမကြီးမှ ဝမ်ကောင်းကျေးရွာသို့ ဆက်သွယ်ထားသောလမ်း ဖြစ်ပြီး မြေပြင်စီစစ်ချက်အရ မိုင်းခတ်-မိုင်းယန်းလမ်းမကြီး ခြောက်ထပ်ကွေ့မှ ဝမ်ကောင်းမိုင်-ဝမ်ကောင်း - ဝမ်ကန် - အားခေ ဝမ်ကောင်းကျေးရွာများသို့ ဆက်သွယ်ထားပြီး ၄ မိုင် ၄ ဖာလုံရှိရာ ထိုလမ်းကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ မြေလမ်း ၄ မိုင် ၄ ဖာလုံ ဖောက်လုပ်ခြင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၌ မြေလမ်း ၄ မိုင် ၄ ဖာလုံ တာချဲ့ခြင်း၊ ပေ ၅၀၀ ကျောက်စီရေမြောင်းနှင့် ၅ ပေ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ အတက်အဆင်းမတ်စောက်သည့် ၁ မိုင် ၄ ဖာလုံ အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြား သည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လွိုင်ကော်မြို့နယ် သာယာရွာမှ နန်းနောက်ရွာအထိ၊ နန်းနောက်ရွာမှ ခုတ်လောရွာအထိနှင့် နန်းနောက်ရွာမှ ရှမ်းပြည်နယ်နယ်စပ်အထိ မြေသားလမ်းများအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဘော်လခဲမြို့နယ်များတွင်ရှိသည့် ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အရှိန်အဟုန်ဖြင့် နယ်မြေလုံခြုံရေးအပေါ်မူတည်ပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် လွိုင်ကော်မြို့နယ် ဝိန်းချစ်ကျေးရွာအုပ်စု ဝမ်ကုန်း - သာယာ - နန်းနောက် ကျေးရွာချင်းဆက်လမ်းပေါ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၁၀ ပေ တံတား တစ်စင်းနှင့် ၁၂ ပေ တံတား တစ်စင်းတို့ကို လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၃၅ ပေ တံတား တစ်စင်းတို့ကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ကယားပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ ဝိန်းချစ်ကျေးရွာအုပ်စု ဝမ်ကုန်း - သာယာ - နန်းနောက် ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကျောက်လမ်း ၇ မိုင် ၄ ဖာလုံနှင့် Box Culvert ရှစ်စင်း တို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကယားပြည်နယ် လွိုင်ကော်မြို့နယ် အတွင်းရှိ ဝိန်းချစ်ကျေးရွာအုပ်စု သာယာရွာမှ နန်းနောက်ရွာအထိ၊ နန်းနောက်ရွာမှ ခုတ်လောရွာအထိနှင့် နန်းနောက်ရွာမှ ရှမ်းပြည်နယ်နယ်စပ်အထိ မြေသားလမ်းများကို လတ်တလော လုံခြုံရေးကန့်သတ်မှုအရ ကွင်းဆင်းစစ်ဆေးနိုင်ခြင်းမရှိသဖြင့် လုပ်ငန်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် နယ်မြေလုံခြုံရေးကောင်းမွန်လာချိန်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေတွင် အဆိုပြုလျာထားပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **တောင်တွင်း-မြို့သစ် ကားလမ်းမနှင့် ဆက်သွယ်ထားသည့် ကံကြီးကျေးရွာ ဘုရား(ဆူ)အနီးကားလမ်းမှ ထနောင်းကွင်းကျေးရွာထိလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တောင်တွင်း - မြို့သစ်ကားလမ်းမ နှင့်ဆက်သွယ်ထားသည့် ကံကြီးကျေးရွာ ဘုရား(ဆူ) အနီးကားလမ်းမှ ထနောင်းကွင်းကျေးရွာအထိ လမ်းသည် တောင်တွင်းကြီး - မြို့သစ်လမ်းမကြီးမှ ထနောင်းကွင်းကျေးရွာအထိ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းအရှည် ၉ မိုင် ၃ ဖာလုံ ရှိသည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကျောက်လမ်း ၇ မိုင် နှင့် အမာခံလမ်း ၂ မိုင် ၃ ဖာလုံ စုစုပေါင်း ၉ မိုင် ၃ ဖာလုံ ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် အမာခံလမ်းပိုင်းအရှည် ၁ မိုင်အား ကျောက်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိသောအမာခံလမ်းအား လုံးကျောက်လမ်းခင်းခြင်း ဆောင်ရွက်ပြီးပါက ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် နှစ်အလိုက် ဆက်လက်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သန်း၏ **ကျောက်ဆည် - တံစိုး - ကျောက်ဆောက် ကုန်းလမ်းပိုင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျောက်ဆည် - တံစိုး - ကျောက်ဆောက်ကုန်းလမ်းပိုင်းသည် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ကျောက်ဆည်မြို့ကို ဆက်သွယ်ထားသော လမ်းအရှည် ၉ မိုင် ၄ ဖာလုံရှိသည့် ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကတ္တရာလမ်း ၉ မိုင် ၄ ဖာလုံ ဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေလုံးရန်ပုံငွေဖြင့် လမ်းအရှည် ၄ ဖာလုံ ကတ္တရာထပ်ပိုးလှာခင်းခြင်း၊ စမုံတံတား အရှည်ပေ ၂၅၀ အပေါ် ကတ္တရာခင်းခြင်း၊ တံတားချွန်းကပ်လမ်းအပင်၊ အထွက် အရှည် ပေ ၃၀၀ ကတ္တရာခင်းခြင်း၊ (၅) ပေ x ၂၄ ပေ) ကျောက်ကြီးစီ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေလုံးရန်ပုံငွေတွင် လမ်းအရှည် ၄ ဖာလုံကတ္တရာထပ်ပိုးလှာခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်းနှင့် ဆက်လက်၍ ကျန်လမ်းပိုင်းများအား ကတ္တရာထပ်ပိုးလှာခင်းခြင်း လုပ်ငန်းများကို နှစ်အလိုက်ဆက်လက်လျာထား သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **ငပုတော မြို့နယ် ဆောက်လုပ်ရေး လမ်း/တံတားများအတွက် ရန်ပုံငွေများအား ပိုမိုခွဲဝေချထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ငပုတောမြို့နယ်အတွင်း၌ ငပုတောမြို့ ဟိုင်းကြီးကျွန်းမြို့နှင့် ငရုတ်ကောင်းမြို့တို့ပါဝင်ပြီး လမ်းမိုင် စုစုပေါင်း ၂၅၆ မိုင် ၃ ဖာလုံဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်း ၁၄ လမ်းသည် လမ်းမိုင် ၂၁၄ မိုင် ၆ ဖာလုံဖြစ်ကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ငပုတောမြို့နယ်အတွက် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၂၃၀၆ သန်းနှင့် တိုင်းဒေသကြီးရန်ပုံ ငွေကျပ် ၂၅၄၆ သန်း စုစုပေါင်း ငွေကျပ် ၄၈၅၂ သန်းအား ခွဲဝေပေးထားပြီး လမ်း/တံတားတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒေသဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် အရ မြို့နယ်များ၏လိုအပ်ချက်များအပေါ် မူတည်ပြီး ဘဏ္ဍာငွေခွဲဝေဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

ထို့နောက် ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်းက **"နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လည်ပတ်နိုင်စေရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"**ကို တင်သွင်းရာ ကလောမဲဆန္ဒနယ်မှ ဒေါက်တာ နန္ဒာလှမြင့်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစုံညအဝေး ၂၁ရက်မြောက်နေ့ကိုအောက်တိုဘာ ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

★ ကျောဖုံးမှ

ဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၁ (MICC-1) ရှိ နီလာခန်းမ၌ ကျင်းပလျက်ရှိသည့် အဆင့်မြင့်ပညာအဆင့် အမျိုးသား စောင်းအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ “အိုသာတင့်ဆုံး (ယိုးဒယား )” သီချင်းဖြင့် မြန်မာ့ရိုးရာစောင်းတူရိယာ၏ သိမ်မွေ့နက်နဲသော အသံနဲ့၊ အသံရှိုင်းများကို စည်းနှင့် ဝါး မှန်ကန်စွာဖြင့် ဂီတရသ ပေါ်လွင်အောင်သာယာပြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ မြခန်းမ၌ကျင်းပလျက်ရှိသည့် အဆင့်မြင့်ပညာအဆင့် အမျိုးသား အဆို (အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်တင်ရေး) ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ “မဟာ (ဇေဝင်းထွဋ်)” သီချင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် တိုင်းပြည်ချစ်စိတ် ပေါ်လွင်အောင် ပိုင်နိုင်လှပသော အသံအနေအထား၊ အသံအနိမ့်အမြင့်၊ ဟန်ပန်မူရာအပြည့်ဖြင့် တက်ကြွစွာ သီဆိုယှဉ်ပြိုင်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင် ခန်းမ၌ ကျင်းပလျက်ရှိသည့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အဖွဲ့များ၏ သေသပ်လှပသည့် မြန်မာ့ရိုးရာကကွက်၊ ဟန်ပန်အမူအရာများကို ပိုင်နိုင်သွက်လက် တက်ကြွစွာဖြင့် ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို မိမိတို့ နိုင်ငံသူ နိုင်ငံသားများအားလုံး၏ ရင်ထဲတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထု အတွင်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး စသည့် မူဝါဒရည်မှန်းချက်များ ချမှတ်ပြီး ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ တတိယနေ့ ပုံရိပ်များ

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ဖော်ပြလိုက်ပါသည်။























# ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက် ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **"အမျိုးဂုဏ်၊ ဓာတ်ဂုဏ် ခြွင်တင်ရေး"** တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ မြခန်းမ၌ ကျင်းပရာ အဆင့်မြင့် ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟာ(ဓေဝဝင်းထွဋ်)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေအဆင်းနဲ့ ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)"သီချင်းဖြင့် လည်းကောင်း မြန်မာ့ဂီတ အနုပညာ၏ အနှစ်သာရနှင့် သီဆိုမှုစွမ်းရည်များကို ဖော်ထုတ်တင်ဆက်ကာ အပြိုင်အဆိုင် ပါဝင်ယှဉ်ပြိုင်ကြသည်။

အက(ပြိုင်ပွဲ) (သီချင်းသံစဉ် ထည့်သွင်းလေ့ကျင့် သီဆိုခြင်း) ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ရိုးရာ အကအစဉ်အလာ ကိုယ်စီစီ ကခုန်ပြသကြသည်။

အရေးပြိုင်ပွဲ (သီချင်းသံစဉ် ထည့်သွင်းလေ့ကျင့် သီဆိုခြင်း) ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆောင်းဦးဟေမန်" ခေါင်းစဉ်ဖြင့် လည်းကောင်း သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးကာ မြန်မာ့ရိုးရာ ဂီတအနုပညာ၏ အနှစ်သာရနှင့် သီဆိုမှုအနုပညာရသ တို့ကို ပေါ်လွင်အောင် ရသစုံလင်စွာ ယှဉ်ပြိုင်သီဆိုကြသည်။

"စောင်း" အတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန - ၁ နီလာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တာသစ်ကယ်လေကူး" ပတ်ပျိုးသီချင်းဖြင့် လည်းကောင်း၊အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အိုသာတင့်ဆုံး(ယိုးဒယား)"သီချင်းဖြင့် လည်းကောင်း၊အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ"(ဘွဲ့) သီချင်းဖြင့် လည်းကောင်း မြန်မာ့ရိုးရာစောင်း၏နူးညံ့သာယာသော သံစဉ်များ၊ စည်းချက်ညီညာသည့် လက်သံများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်၍မြန်မာ့ရိုးရာတေးဂီတ၏ အနှစ်သာရနှင့် စောင်းအတီးပညာ၏ နူးညံ့သိမ်မွေ့သော အနုပညာ အလှတရားများကို ပေါ်လွင်အောင် ဖော်ထုတ်တင်ဆက် ယှဉ်ပြိုင်ကြသည်။

ဆိုင်းပိုင်းကြီးတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဝန်ဇင်းမင်း ရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေဘုန်းရွှေဘုန်း" ကြိုးသီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေဘုန်းရွှေဘုန်း" ကြိုးသီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုန်းဆင့်ဆင့်တိုး" ပတ်ပျိုးသီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ပတ္တလားပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်) Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နန်းဘုံသီဟာဇေ" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကန်မင်းသာဓွ"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**စာမျက်နှာ ၇ သို့ ☆**



ဓာတ်တော်ကြီးအဖွဲ့ လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိဓူရ" ဓာတ်တော်ကြီးဖြင့် မွန်ပြည်နယ်ကိုယ်စားပြု မင်းနိုင်စိုးဓာတ်သဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မဖြူစုင်သွယ် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့်(အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ သန့်ဇင်အောင် ယှဉ်ပြိုင်စဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၃**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် အဖွဲ့ဝင်များနှင့်အတူ ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက် Mini Theatre ၌ ကျင်းပပြုလုပ်လျက်ရှိသည့် အတီး (ပတ္တလား) အခြေခံပညာ (အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲကို လည်းကောင်း မြန်မာ့အာမခံပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ နိုလာခန်းမ၌ ကျင်းပပြုလုပ်သည့် အတီး (စောင်း) အခြေခံပညာ (အသက် ၁၅ နှစ်မှ အသက် ၂၀ နှစ်) အမျိုးသမီးပြိုင်ပွဲနှင့် အခြေခံပညာ (အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်) အမျိုးသမီးပြိုင်ပွဲကို လည်းကောင်း မြခန်းမ၌ ကျင်းပပြုလုပ်သည့် အဆို (အမျိုးဂုဏ်၊ ဓာတ်ဂုဏ်ဖြင့်တင်ရေး) အဆင့်မြင့် ပညာ အမျိုးသမီးပြိုင်ပွဲကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး အကဲဖြတ်ဒိုင် အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အတီး(ပတ္တလား) အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**ကြည့်ရှုအားပေး**

အဆိုပါပြိုင်ပွဲများသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အကဲဖြတ်ဒိုင် အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုပညာကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

ထို့နောက် ဂီတာအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ချစ်မိုးဆွေ” (ကာလပေါ်)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စက်လဲပျော်ပါနိုင်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “နန်းဘုံသီဟာဇွေ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်) အမျိုးသားအကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်အာကာဟိန်း ယှဉ်ပြိုင်စဉ်။

ရုပ်စုံသဘင်အဖွဲ့လိုက် ပါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “သုဝဏ္ဏသာမ” ဓာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန္တလာပန်တျာရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။

ရုပ်စုံသဘင်အဖွဲ့လိုက် ပါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “သုဝဏ္ဏသာမ” ဓာတ်တော်ကြီးဖြင့် “ဝိဓုရ” ဓာတ်တော်ကြီး ဖြင့် မွန်ပြည်နယ်ကိုယ်စားပြု မန္တလာပန်တျာရုပ်စုံသဘင်အဖွဲ့ ကမ္ဘာ့ဓာတ်တော်ကြီး၏ အနှစ်သာရနှင့် ဓာတ်လမ်းဓာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဓာတ်သဘင်၏ ဆို၊ ငို၊ ပြော အနုပညာ ပညာရပ်များနှင့် အကအလှုများကို အချိုးညီညီ ပေါင်းစပ်၍လည်းကောင်း၊ ဓာတ်ကောင် တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေအသံထားနှင့် သရုပ်ဆောင်ပီပြင်မှုတို့ဖြင့်လည်းကောင်း မြန်မာ့ရိုးရာ ဓာတ်သဘင်အနုပညာ၏ အနှစ်သာရနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးကာ အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့်အဆင့်တူ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

**သတင်းစဉ်**

## မူဆယ်မြို့၌ မီးငြိမ်းသတ်ခြင်း ဓာတ်တိုက်လေ့ကျင့်

**မူဆယ် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် မီငြိမ်းသတ်ခြင်း ဓာတ်တိုက် လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆင်ဖြုံစေးအတွင်း၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မူဆယ်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိများက ဦးဆောင်၍ သန္ဓေ/အရုန် မီးသတ်တပ်ဖွဲ့ဝင်များ၊ စေ့းကော်မတိဝင်များနှင့် တာဝန်ရှိသူများက ဆင်ဖြုံစေ့းဌ စေ့းသူ စေ့းသားများနှင့် ရပ်ကွက်နေ ပြည်သူများအား မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပြီး မီးဘေးလုံခြုံရေး စစ်ဆေးကာ လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## အမရပူရမြို့နယ်၌ အပူရှောင်စခန်းများဖွင့်လှစ်ထားရှိမှု ကြည့်ရှုစစ်ဆေး

**အမရပူရ အောက်တိုဘာ ၂၃**

မန္တလေး တိုင်းဒေသကြီး အမရပူရမြို့နယ်၌ အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိမှုကို အမရပူရ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် အပူရှောင်စခန်းများ ဆောင်ရွက်ထားရှိရာ နေရာများကိုကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် အပူဒဏ်အန္တရာယ်ကို ကာကွယ်နိုင်ရန်၊ အရိပ်ရသောနေရာများ၊ ပန်ကာ၊ လေအေးပေးစက်၊ မီးစက်၊ သောက်သုံးရေအတွက် စီစဉ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လွဲလွဲခိုင်(အမရပူရ)**

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း မိတ္ထီလာခရိုင်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

နေပြည်တော်ဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် ကန်တော်မင်္ဂလာခန်းမ၌ပြုလုပ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များ၊ ခရိုင်အတွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် ဦးစီးကော်မတီအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ဒေသတွင်း ဈေးကွက်တည်ငြိမ်ရေး၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ မွေးမြူရေးဇုန်များ သတ်မှတ်၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရေးနှင့် ကဏ္ဍအလိုက် လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိတ္ထီလာခရိုင်သို့ လာရောက်ရခြင်းမှာ နေပြည်တော် ဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် တောင်ငူခရိုင်တို့ကို အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုကို ကြည့်ရှုစစ်ဆေးရန် လာရောက်ခြင်းနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ မိတ္ထီလာခရိုင်သည် လမ်းဆုံဗဟိုချက်ဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများစွာရှိနေပါကြောင်း၊ မြို့ပြအင်္ဂါရုပ်နှင့်အညီ (Green City) စိမ်းလန်းစိုပြည်သော မြို့တော်ဖြစ်စေရေးအတွက် မြို့ပြဖရိယာအတွင်း အများပြည်သူများအနားယူရန် ပန်းခြံများ၊ လမ်းဘေးဝဲ/ယာ အစိမ်းရောင်ဇုန်များနှင့် သစ်တောစိမ်းလန်းစိုပြည်ရေးကို တိုးမြှင့်လုပ်ဆောင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရန်၊ ကာဗွန်ထုတ်လုပ်မှုလျော့ချရေး စွမ်းအင်စနစ်စိစစ်ရန်၊ ရေအရင်းအမြစ်များ မပျက်စီးစေရန်နှင့် စွန့်ပစ်ရေများကို စနစ်တကျ ပြန်လည်သန့်စင်အသုံးပြုနိုင်ရေးတို့ကို ဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရာသီခွဲာကျေးရွာအုပ်စုရှိ ဦးမြင့်နိုင်၏ အသားတိုးကြက်ကောင်ရေ ၆၉၀၀၀ မွေးမြူထားသောခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အသားတိုးကြက်များအား အလုံပိတ်အအေးခန်းစနစ်များဖြင့် စနစ်တကျမွေးမြူထားရှိမှုနှင့် ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးခြံအတွင်း သန့်ရှင်းရေး စနစ်တကျဆောင်ရွက်ထားရှိရန်၊ အပုချိန်ထိန်းချုပ်မှုစနစ်များ၊ ဆိုလာစနစ်များ၊ အအေးပေးစနစ်များ စဉ်ဆက်မပြတ်ကောင်းမွန်စေရေး စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရွှေတောင်ကျေးရွာရှိ မြေပဲ ပန်းတိုင်အထွက်နှုန်းရရှိရေး ဧက ၂၀၀ပြဝိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မှီစွာ စိုက်ပျိုးကြရန်နှင့် မျိုးကောင်းမျိုးသန့် ရရှိရေး မျိုးစေ့အလိုက် သုတေသနပြုလုပ်စိုက်ပျိုး၍ တောင်သူများအား နည်းပညာနှင့် မျိုးစေ့များကို ဆက်လက်ဖြန့်ဝေပေးရန် မှာကြားကာ ဒေသခံတောင်သူများအား တွေ့ဆုံ၍ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဘုရားဖြူကျေးရွာရှိ ဆိုလာရေတင်စနစ်လုပ်ငန်းသို့ သွားရောက်၍ အကျိုးပြုဧက ၄၅၀ အတွက် ဆိုလာရေတင်စီမံကိန်းဆောင်ရွက်နေမှု၊ ရေတင်စီမံကိန်းဆောင်ရွက်ပြီးစီးပါက တိုးတက်စိုက်ပျိုးလာနိုင်မည့် သီးနှံအခြေအနေများ၊ မိတ္ထီလာဒေသ ဝမ်းတွင်းမြို့နယ်အတွင်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် လျာထားသည့် ရေတင်စီမံကိန်းအခြေအနေများ တင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဝမ်းတွင်း(၁)ရပ်ကွက်ရှိ ဖြိုးပြိုးချို အထည်ချုပ်လုပ်ငန်းသို့ သွားရောက်၍ စက်ယန္တရားများဖြင့် ချည်ထည်ရက်လုပ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ချည်ထည်များအား ဖြန့်ဖြူးရောင်းချရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်း ကောင်း၊ မိတ္ထီလာစက်မှုဇုန်ရှိ ရွှေပြည်စိုးဆီစက်သို့ သွားရောက်၍ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နှမ်းတို့အား စားသုံးဆီအဖြစ် စက်ယန္တရားများဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တောမကျေးရွာရှိ ဦးခင်မောင်ဝင်း၏ နို့စားနွားမွေးမြူရေးခြံ၊ ရွှေပန်းတိုင် ဇက ၂၀၀ မွေးမြူရေးဇုန်၊ ဆူးဖြူကွက်ကျေးရွာရှိ ဦးမျိုးသန့်နိုင်၏ ဆိတ်မွေးမြူရေးခြံနှင့် ဒေါ်ဝင်းသီတာထွန်း၏ ဆိတ်မွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇက ၂၀၀ မွေးမြူရေးဇုန်အား သတ်မှတ်လျာထားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မွေးမြူရေးဇုန်အတွင်း ကုန်ထုတ်လမ်းများ စနစ်တကျဖောက်လုပ်ရေး၊ ဒေသတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်သွားရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အပြည်ပြည်ဆိုင်ရာအထူးစီးပွားရေးဇုန်ကွန်ဖရင့် - ၂၀၂၆ သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၃

အပြည်ပြည်ဆိုင်ရာ အထူးစီးပွားရေးဇုန်ကွန်ဖရင့် - ၂၀၂၆ ကို အောက်တိုဘာ ၂၂ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အဆိုပါကွန်ဖရင့်သို့ နိုင်ငံပေါင်း ၁၉ နိုင်ငံမှ အစိုးရအရာရှိကြီးများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြို့ ၅၈ မြို့မှ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် ၉၀၀ ခန့် တက်ရောက်ခဲ့သည်။

## ရှင်းလင်းဖေါ်ကြား

ကွန်ဖရင့်သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ပြီး စကားပိုင်းဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်က မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို တင်ပြဆွေးနွေးပြီး တင်ပြဆွေးနွေးချက်များ အပေါ် ကွန်ဖရင့် တက်ရောက်သူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျန်းမာရေးသုံးပစ္စည်းများဝယ်ယူရန် အလှူငွေများလှူဒါန်းပေးသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

တံတားဦး အောက်တိုဘာ ၂၃

မန္တလေး တိုင်းဒေသကြီး တံတားဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ကျန်းမာရေးသုံးပစ္စည်းများ ဝယ်ယူရန်အတွက် အလှူငွေများ လှူဒါန်းပေးသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို အောက်တိုဘာ ၂၁ ရက်က တံတားဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန သံဃာ့ဆေးကုသဆောင်၌ ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှုပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်မိုးသက်က အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ ကျန်းမာရေးသုံးပစ္စည်းများ ဝယ်ယူရန်အတွက် အလှူငွေများလှူဒါန်း ပေးသောအလှူရှင်များအားမြို့နယ် ဆရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်း လွှာများပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



**မကွေးတိုင်းဒေသကြီး မင်းလှမြို့ပေါ်ရှိစိုက်ပျိုးရေးဆေးဆိုင်များအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို အောက်တိုဘာ ၂၁ ရက်တွင် မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး၊ ဒုတိယ မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်စဉ်။**

ကိုခန့်

# ဝါလကင်းလွတ် သီတင်းကျွတ်

ကိုယဉ်ချစ်(မန္တလေး)

**မြန်မာတို့၏ ၁၂ လရာသီတွင် သီတင်းကျွတ်လသည် သတ္တမမြောက်လဖြစ်သည်။ မိုးနှောင်းရာသီမှ ဆောင်းဦးရာသီသို့ ကူးပြောင်းသည့်ကာလဖြစ်၍ ကောင်းကင်ပြင်တွင် မိုးသားတိမ်လိပ်များ ခပ်ကျဲကျဲမြင်တွေ့နိုင်ပါသည်။**



ကုန်းဘောင်ခေတ်စာဆို မိုးသူတော်ဦးမင်းက **“ကြာငါးမည် ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ ပြောင်ထိန်၊ ရွှေနန်းတောင်တော်ဦးမှာလ၊ ကွန့်မြူးမြင်းမိုရ်မီး၊ ညီးတဲ့ခါချိန်၊ ရှိဦးငယ်နိမိ၊ သုံးကြိမ်ရိုက်ပြောင်း၊ သက္တမ္ဘ ဂါရဝနှင့် စဉ်အလာပူဇော်ပွဲကို၊ ခဲကြပေတောင်း”** ဟု သီတင်းကျွတ်လဘွဲ့ကို စပ်ဆိုခဲ့သည်။ သီတင်းကျွတ်လ၏ ရာသီပန်းနှင့် ရာသီပွဲတော်များကို စပ်ဆိုထားခြင်းဖြစ်သည်။

ရဟန်းသံဃာတော်များသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါဆို ဝါကပ်တော်မူကြသည်။ ထိုကာလကို ဝါတွင်းသုံးလ ဟုဆိုကြပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ တွင် ဝါကျွတ်ခြင်းကြောင့် ဝါလကင်းလွတ် သီတင်း ကျွတ်ဟု ဆိုကြသည်။ ခရစ်နှစ်ပြက္ခဒိန်နှင့် တိုက်ဆိုင်ကြည့်ပါက သီတင်းကျွတ်လသည် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ကျရောက်နေသည်။

သီတင်းကျွတ်လသည် ရက်မစုံလဖြစ်၍ ၂၉ ရက် ရှိသည်။ မြန်မာတို့၏ ၁၂ လရာသီကို နက္ခတ်ဗေဒ ပညာရှင်များက ရာသီ၊ နက္ခတ်၊ ဥတု၊ မိုး၊ ရာသီပန်း၊ ရာသီပွဲတော်၊ ရက်ရာဇာ၊ ပြဿဒါးရက်များနှင့် နဂါး ဦးခေါင်းပြုရာအရပ်များဖြင့် မှတ်တမ်းတင်ထားကြ သည်။

သီတင်းကျွတ်လ၏ရာသီမှာ တူရာသီ၊ နက္ခတ် မှာ အဿဝဏီနက္ခတ်၊ ဥတုမှာ ဝသန္တဥတု၊ မိုးမှာ ပလွင်ဆေးမိုး၊ ရာသီပန်းမှာ ကြာပန်း၊ ရာသီပွဲတော် မှာ မီးထွန်းပွဲတော်တို့ ဖြစ်ကြသည်။ အင်္ဂါနေ့နှင့် ကြာသပတေးနေ့များသည် ရက်ရာဇာများဖြစ်ကြပြီး တနင်္ဂနွေနေ့နှင့် တနင်္လာနေ့များသည် ပြဿဒါး ရက်များဖြစ်ကြသည်။ နဂါးဦးခေါင်းမှာ အရှေ့အရပ် သို့ပြုသည်။

သီတင်းကျွတ်လတွင် ရာသီပန်းဖြစ်သည့် ကြာမျိုးငါးမည်တို့ပွင့်ကြသည်။ ကြာမျိုးငါးမည်ဆို သည်မှာ (၁) နီလုပွလ = ကြာညို၊ (၂) သေတုပွလ= ကြာဖြူ၊(၃) လောဟိတုပွလ = ကြာနီ၊ (၄) ပုဏ္ဍရိက= ကြာတံဆိပ်၊ (၅) ပဒုမ = အထပ်တစ်ရာရှိသောကြာ တို့ဖြစ်ကြသည်။

ရာသီပွဲတော်မှာ မီးထွန်းပွဲဖြစ်သည်။ မီးထွန်းပွဲ ဖြစ်ပေါ်လာခြင်းအကြောင်းမှာ မြတ်စွာဘုရားရှင် သည် မဟာသက္ကရာဇ် ၁၀၉ ခု သီတင်းကျွတ်လပြည့် နေ့တွင် တာဝတိံသာနတ်ပြည်မှ မယ်တော်မိ နတ်သားနှင့် နတ်ဖြတ္ထာအပေါင်းတို့အား အဘိဓမ္မာ တရားတော်ကို ဟောကြားပြီး ထိုနေ့တွင် နတ်ဖြတ္ထာ အပေါင်းတို့ဖွန်ဆင်းသည့် ရွှေစောင်းတန်း၊ ငွေစောင်း တန်း၊ ပတ္တမြားစောင်းတန်းစသည့် စောင်းတန်း သုံးသွယ်ဖြင့် လူပြည်သို့ ဆင်းသက်တော်မူခဲ့ သည်။

ထိုအချိန်တွင် မြတ်စွာဘုရားရှင်အား လူပြည်မှ ဆီမီးများ ထွန်းညှိပူဇော်၍ ကြိုဆိုဖူးမြော်ခဲ့ကြ သည်။ ထိုသို့ဖူးမြော်ကြည်ညိုသည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးများထွန်းညှိ ပူဇော်ကြခြင်းဖြစ်ပါသည်။ သီတင်းကျွတ်လပြည့် နေ့ကို **“သီတင်းကျွတ်မီးထွန်းပွဲ”**၊ **“မီးမြင်းမိုရ်ပွဲ”**၊ **“ တာဝတိံသာပွဲ”** ဟုလည်း ခေါ်ဆိုကြသည်။

### မီးထွန်းပွဲတော်

မြတ်စွာဘုရားရှင်အား ရည်မှန်းပူဇော်ပွဲများကို အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်တို့တွင် ဘုရင် မင်းမြတ်များကိုယ်တိုင် ဦးစီးကျင်းပခဲ့ကြောင်း မှတ်သားရပါသည်။ ထိုအချိန်က နန်းတော်ရင်ပြင် တွင် မြင့်မားပြီး ခမ်းနားထည်ဝါလှသည့် ပြာသာဒ် တော်ကြီးများကို လှေကားသုံးသွယ်ဆင်ယင်ဆောက် လုပ်ကာ ဆီမီးများ ထွန်းညှိပူဇော်ကြသည်။ ဘုရား စေတီများ၊ နေအိမ်များတွင် ဆီမီးပူဇော်ခြင်း တို့ပြုခဲ့ကြသည်။ ဆီမီးပူဇော်ခြင်းကို သီတင်း ကျွတ်လဆန်း ၁၄ ရက်နေ့(အဖိတ်နေ့)နှင့် သီတင်း ကျွတ်လပြည့်နေ့တို့တွင် ကျင်းပခဲ့ကြသည်။ နောက်ပိုင်းတွင် လပြည့်ကျော် ၁ ရက်နေ့ အပါအဝင် သုံးရက်တိုင်တိုင် ပူဇော်ခဲ့ကြသည်။

ရှေးခေတ်က ဆီမီးပူဇော်ရန်အတွက် မီးစာ အဖြစ်အသုံးပြုရန် ဝါပွင့်၊ ဝါကောင်းများကို ကောက်၍ နေလှန်းခြင်း၊ ဝါဖန်ခြင်း၊ ဝါကြိတ်ခြင်း တို့ပြုခဲ့ကြသည်။ ဆီမီးပူဇော်ခြင်းကို သီတင်း ကျွတ်လပြည့်နေ့တို့တွင် ဝါဖန်ခြင်း၊ ဝါကြိတ်ခြင်း တို့ပြု၍ လက်ညှိုးအရွယ်အစားခန့် အလိပ်လေး များလိပ်ကြသည်။ ထိုဝါဝွမ်းလိပ်ကလေးများကို ဆီဝေနေစေရန် သုံး၊ လေးရက်ခန့်ကြို၍ ဆီစိမ် ထားသည်။ ဆီမီးပူဇော်မည့်နေ့တွင် ဝါးတိုင်များ ကို ဝဲ၊ ယာနှစ်ဖက်ခွဲ၍ ဝက်ပါကွဲသို့ စိုက်ထူထားပြီး ဝါးတိုင်ထိပ်များတွင် ဆီမီးခွက်များ တင်ထားသည်။ ဆီမီးခွက်ထိပ်၌ ဆီစိမ်ထားသည့် ဝါဝွမ်းမီးစာကို အစထုတ်၍ ဆီများလောင်းထည့်ကာ မီးထွန်းညှိ ပူဇော်ခဲ့ကြသည်။ နောက်ပိုင်းတွင် ဆီမီးများသာမက ဖယောင်းတိုင်မီးများ၊ ရောင်စုံမီးပုံးများ၊ ရောင်စုံ လျှပ်စစ်မီးလုံးများဖြင့် ပူဇော်ခဲ့ကြသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားပွဲတော် များကျင်းပခြင်း၊ ဆီမီးပူဇော်ခြင်း၊ တရားဘာဝနာ အားထုတ်ခြင်း၊ အလှူဒါနပြုခြင်း၊ ပျော်ပွဲရွှင်ပွဲ ကျင်းပခြင်းများဆောင်ရွက်ကာ ကုသိုလ် ယူကြပါသည်။ အချို့က နတ်ပြည်ရှိ စူဠာမဏိစေတီ တော်ကိုရည်မှန်း၍ မီးပုံးပျံများလွှတ်တင်ခြင်း၊ မီးရှူး မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းများ ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

### အဘိဓမ္မာအခါတော်နေ့

မြတ်စွာဘုရားရှင်သည် ဝါတော်ခုနစ်ဝါမြောက် တွင် တာဝတိံသာနတ်ပြည်ရှိ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ သီတင်းသုံးတော်မူ၍ ဝါဆိုလပြည့် ကျော် ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါသည်။ အဘိဓမ္မာဒေသနာ တော်ကို စကြဝဠာတိုက်တစ်သောင်းမှ နတ်ဖြတ္ထာ အပေါင်းတို့ကလည်း နာယူခဲ့ကြသည်။ အဘိဓမ္မာ ဒေသနာတော်ဟောကြားခြင်းသည် သီတင်းကျွတ် လပြည့်နေ့တွင် ပြီးဆုံးခဲ့သည်။ ထိုသို့ပြီးဆုံးခဲ့သည် ကိုအကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ခဲ့ကြခြင်းဖြစ်ပါ သည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် သုတ်၊ ဝိနည်းနှင့် အဘိဓမ္မာဒေသနာတော်များကို ပိဋကသုံးပုံဟု ခေါ်ဆိုပါသည်။ ပိဋကသုံးပုံထဲမှ အဘိဓမ္မာဆိုသည်မှာ သုတ္တန်ထက်လွန်ကဲထူးဖြတ် သောတရား၊ နက်နဲခက်ခဲသော အတွေးအခေါ် သဘောတရားဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထားပါ သည်။ အဘိဓမ္မာ ခုနစ်ကျမ်းတွင် (၁) ဓမ္မသင်္ဂဏီကျမ်း၊ (၂) ဝိဘင်းကျမ်း၊ (၃) ဓာတုကထာကျမ်း၊ (၄) ပုဂ္ဂလ ပညတ်ကျမ်း၊ (၅) ကထာဝတ္ထုကျမ်း၊ (၆) ယမိုက် ကျမ်းနှင့် (၇) ပဋ္ဌာန်းကျမ်းတို့ ပါဝင်သည်။ အဘိဓမ္မာ ဒေသနာတော်သည် မြတ်စွာဘုရားရှင်၏ ဟောကြား တော်မူခဲ့သည့် တရားတော်၏အနှစ်ချုပ်လည်း ဖြစ်ပါသည်။

**“အဘိဓမ္မာခုနစ်ကျမ်းတွင် (၁) ဓမ္မသင်္ဂဏီကျမ်း၊ (၂) ဝိဘင်းကျမ်း၊ (၃) ဓာတုကထာကျမ်း၊ (၄) ပုဂ္ဂလပညတ်ကျမ်း၊ (၅) ကထာဝတ္ထုကျမ်း၊ (၆) ယမိုက်ကျမ်းနှင့် (၇) ပဋ္ဌာန်းကျမ်းတို့ ပါဝင်သည်။ အဘိဓမ္မာဒေသနာတော်သည် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် တရားတော်၏အနှစ်ချုပ်လည်းဖြစ်**

**မြတ်စွာဘုရားရှင်က အဘိဓမ္မာဒေသနာတော်ကို မယ်တော်မိနတ်သားနှင့် နတ်ဖြတ္ထာများကို ဟောကြားတော်မူပြီးနောက် အရှင်သာရိပုတ္တရာကို အနှစ်ချုပ် ဟောကြားတော်မူခဲ့သည်။ အရှင်သာရိပုတ္တရာက တပည့် ရဟန်း ၅၀၀ တို့ကို သင်ကြား ပေးတော်မူခဲ့ရာ ရဟန်း ၅၀၀ တို့သည် အဘိဓမ္မာတရားတော်ကို ဦးစွာ ယူဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များဖြစ်ကြပြီး**

မြတ်စွာဘုရားရှင်က အဘိဓမ္မာဒေသနာတော်ကို မယ်တော်မိနတ်သားနှင့် နတ်ဖြတ္ထာများကို ဟောကြား တော်မူပြီးနောက် အရှင်သာရိပုတ္တရာကို အနှစ်ချုပ် ဟောကြားတော်မူခဲ့သည်။ အရှင်သာရိပုတ္တရာက တပည့် ရဟန်း ၅၀၀ တို့ကို သင်ကြားပေးတော်မူခဲ့ရာ ရဟန်း ၅၀၀ တို့သည် အဘိဓမ္မာတရားတော်ကို ဦးစွာ ယူဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များဖြစ်ကြပြီး အဆက်ဆက်ဆောင်ယူလာခဲ့ကြရာမှ ယနေ့ထက် တိုင်အောင် သာသနာတော်ကြီး ထွန်းလင်းတောက်ပ ပြန့်ပွားရေးကို အထောက်အပံ့ပြုလျက်ရှိပါသည်။ သာသနာတော်၏ အနှစ်ဖြစ်သည့် အဘိဓမ္မာဒေသနာ တော်ကို ဟောကြားပြီးဆုံးခဲ့သည့် သီတင်းကျွတ် လပြည့်နေ့သည် သာသနာတော်အတွက် ထူးကဲ မွန်မြတ်သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

### ပဝါရဏာပြုပွဲ

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကောသလဇန ပုဒ်ဒေသတွင် ဝါဆိုတော်မူနေကြသည့် ရဟန်းတော်များ သည် အချင်းချင်းမခေါ်မပြောကြစတမ်းဟု ကတိ ကဝတ်ထား၍ သီတင်းသုံးနေကြသည်။ ဤသို့နေခြင်း ကို အကြောင်းပြု၍ ဘုရားရှင်က ပဝါရဏာပြုရန် ပညတ်တော်မူခဲ့သည်။ ပဝါရဏာပြုခြင်းဆိုသည်မှာ အပြစ်မြင်ပါက မိမိအား ဆုံးမပါရန် ပန်ကြားခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားရှင် ပညတ်တော်မူခဲ့သည့် ကာလ မှ မျက်မှောက်ကာလအထိ ဝါကျွတ်ပါက မိမိတို့ သီတင်းသုံးဝါဆိုရာကျောင်းတိုက်များတွင် ဝါစဉ်တူရာ ရဟန်းများစုပေါင်း၍ သံဃာရှေ့မှောက်၌ **“ အရှင်ကောင်း အရှင်မြတ်တို့ဘုရား၊ တပည့်တော်သည် ဥပုသ်သိမ်၊ သိမ်အပြင်၌ရှိသော သံဃာတော်များကို တောင်းဆိုပန်ကြားပါ၏။** မြင်လျှင်သော်လည်း ကောင်း၊မလျှင်စကားကြားလျှင်သော်လည်းကောင်း၊ ယုံမှားသံသယဖြစ်လျှင် သော်လည်းကောင်း သင်တော်ရှည်အရှင်ဘုရားတို့သည် ဘုရားတပည့် တော်အပေါ် အစဉ်စောင့်ရှောက်ချီးမြှောက် ထောက်ညှာငဲ့ကွက်ပါ၍ ဘုရားတပည့်တော်ကို ဆိုခွင့်ရှောက်ရာ မထောက်ညှာဘဲ ပြစ်ဆာရှိသမျှ မငဲ့ရအောင် အတိအကျဆိုတော်မူကြပါကုန်လော့။ **အပြစ်ကိုရှုမြင်လျှင် ထိုအပြစ်ကို တပည့်တော် ကုစားပါမည်ဘုရား”** ဟု ပန်ကြားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ရဟန်းတော်အချင်းချင်း ဖိတ်ကြား တောင်းပန်ခြင်းဖြစ်ပါသည်။ ပဝါရဏာပြုပွဲများကို သီတင်းကျွတ်လပြည့်နေ့တွင် ဘုန်းတော်ကြီး ကျောင်းများ၌ ကျင်းပကြသည်။

### ရိုသေဂါရဝ ကန်တော့ကြ

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် မိမိထက် အသက်အရွယ်အားဖြင့်လည်းကောင်း၊ ဂုဏ်အား ဖြင့်လည်းကောင်း ကြီးမြတ်သူများကို နှစ်သစ်ကူး ကာလ၊ သီတင်းကျွတ်လတွင် ရိုသေလေးစား ဂါရဝ ထား၍ ကန်တော့ကြပါသည်။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ရိုသေထိုက်သူကိုရိုသေခြင်း၊ မိမိကိုယ်ကို မောက်မာသမှုမပြုဘဲနှိမ့်ချခြင်း၊ သူတစ်ပါးကမိမိ အပေါ်ပြုခဲ့ဖူးသောကျေးဇူးကို သိတတ်ခြင်းသည် မင်္ဂလာဖြစ်ပါသည်။ မင်္ဂလာဆိုသည်မှာ တိုးတက် ကြီးပွားကြောင်းတရား၊ ကောင်းမြတ်ခြင်း၊ တင့်တယ် ခြင်း၊ ကျက်သရေရှိခြင်းဖြစ်သည်။ မြန်မာလူမျိုး များသည်မြန်မာ့ယဉ်ကျေးမှုအရနေ့ထူးနေ့မြတ်များ တွင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံခြင်းကို မြတ်နိုးတန်ဖိုး ထားကြသူများဖြစ်သည်။

နေ့ထူးနေ့မြတ်ဖြစ်သည့် ဝါကျွတ်ကာလအခါ သမယတွင် ရဟန်းသံဃာတော်များ၊ သက်ကြီး ရွယ်အို ဘိုးဘွားမိဘ၊ ဆရာသမားများကို မိမိတို့ပြုခဲ့ ဖူးသောအပြစ်များရှိပါက သည်းခံခွင့်လွှတ်ပေးပါရန် တောင်းပန်လျက် ရှိခိုးကန်တော့ခြင်းများ ပြုကြပါ သည်။

**စာမျက်နှာ ၁၀ သို့ ❖**

# လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း (ဆိုလာစနစ်) အမှတ်စဉ် (၂/၂၀၂၆) သင်တန်းဆင်း

နေပြည်တော် အောက်တိုဘာ ၂၃

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း (ဆိုလာစနစ်)အမှတ်စဉ် (၂/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ပိုင်းလျှပ်စစ်စစ်ဆေးရေး သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၀ တက်ရောက်ခဲ့ပြီး သင်တန်းကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ ဘာသာရပ် ၁၁ ခုကို ရက်သတ္တလေးပတ်ကြာ စာတွေ့ လက်တွေ့သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။




သင်တန်းဆင်းပွဲတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းက နေရောင်ခြည်သုံး ဆိုလာစနစ်နှင့်ပတ်သက်၍ ဒီဇိုင်းမှန်ကန်စွာ တွက်ချက်ခြင်း၊ ဆိုလာစနစ်တပ်ဆင်သွယ်တန်းခြင်းနှင့် အသုံးပြုခြင်းများတွင် အခြေခံသိရှိရမည့်အချက်များ၊ ဆိုလာစနစ်အတွက် စံချိန်စံညွှန်း၊ နည်းပညာ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ညွှန်ကြားချက်များကို သိရှိလိုက်နာဆောင်ရွက်ခြင်းဖြင့် ဆိုလာစနစ်တပ်ဆင်အသုံးပြုမှုများတွင် မတော်တဆဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များ လျော့နည်းပပျောက်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် သင်တန်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စစ်ဆေးရေးဌာနမှ အငြိမ်းစားဆရာကြီးများနှင့် ညွှန်ကြားရေးမှူးတို့က သင်တန်းတွင် ထူးချွန်ဆုရရှိသူသုံးဦးအား ဆုချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌဦးကျော်ဝင်းနှင့်အဖွဲ့အား ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် သံ၊ သံမဏိများ ထုတ်လုပ်ရေး၊ ဘိလပ်မြေများ ထုတ်လုပ်ရေးနှင့် တင်သွင်းရေး၊ ကြွေပြားများ၊ ရေအိမ်သုံးပစ္စည်းများ ထုတ်လုပ်ရေး၊ ရော်ဘာနှင့် ဆက်စပ်သည့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ချည်မျှင်နှင့်အထည်၊ ဓာတုဗေဒပစ္စည်းများထုတ်လုပ်နိုင်ရေး၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မုံရွာမြို့တွင် အခြေခံဓာတ်ပုံပညာသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကျင်းပ

မုံရွာ အောက်တိုဘာ ၂၃

စစ်ကိုင်း တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မုံရွာဓာတ်ပုံအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံဓာတ်ပုံပညာ သင်တန်းအမှတ်စဉ်(၁)သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၁ ရက်က မုံရွာမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲ ကျင်းပသည်။




သင်တန်းဆင်းပွဲတွင် မုံရွာခရိုင် အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီး မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားသင်တန်းသူများက လက်ခံရယူကြသည်။

အခြေခံဓာတ်ပုံပညာ သင်တန်းအမှတ်စဉ်(၁)ကို အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ဓာတ်ပုံရိုက်ကူးခြင်းအခြေခံသဘောတရားများ၊ ကင်မရာ၏ လုပ်ဆောင်ချက်များ၊ ဓာတ်ပုံရိုက်ကူးခြင်းအယူအဆများ၊ ဓာတ်ပုံဆိုင်ရာ နည်းပညာများ၊ လက်တွေ့ (Indoor, Outdoor) ရိုက်ကူးခြင်း ဘာသာရပ်များကို မုံရွာဓာတ်ပုံအသင်းနည်းပြများက အခမဲ့သင်ကြားပေးခြင်း ဖြစ်သည်။ **မျိုးဝင်းထွန်း(မုံရွာ)**



# ဘိုကလေးမြို့နယ်၌ ဈေးများမီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေးဆောင်ရွက်

ဘိုကလေး အောက်တိုဘာ ၂၃

ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မြို့မဈေးကြီး၌ ဖျာပုံခရိုင်မီးသတ်ဦးစီးဌာနက အယ်လ်နည်ပြဖြစ်စဉ်ကာလတွင် မီးလန့်မှု၊ မီးလောင်မှုများမဖြစ်စေရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ပူးပေါင်းအဖွဲ့ဖြင့် ဈေးအတွင်း လျှပ်စစ်မီးသွယ်တန်းမှု၊ မီးသတ်ပစ္စည်းကိရိယာများထားရှိမှုနှင့် ရေရရှိမှုအခြေအနေများကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မိုးဟိန်းထက်**

# ပြင်ဦးလွင်မြို့နယ်၌ MSME ကဏ္ဍအတွက် ချေးငွေပေးအပ်

ပြင်ဦးလွင် အောက်တိုဘာ ၂၃



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ပြင်ဦးလွင်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် MSME လုပ်ငန်းလေးခုဖြစ်သော “Maymyo Purcell”သဘာဝနှပ်ကော်ဖီလုပ်ငန်း၊ “May & Zay”ပဲလမုန့်လုပ်ငန်း၊ “လင်းရောင်နီ”ပဲကြော်လုပ်ငန်းနှင့် “ဗယ်ကျော့” စားသောက်ကုန်လုပ်ငန်းတို့အတွက် နိုင်ငံစီးပွားဖြင့်တင်ရေးရန်ပုံငွေမှ ချေးငွေကျပ်သိန်း ၃၆၀၀ ရရှိခဲ့ရာ ချေးငွေပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက ချေးငွေသက်တမ်းနှင့် ပြန်လည်ပေးဆပ်ရမည့် အစီအစဉ်များပြောကြားကာ ချေးငွေရရှိသည့် လုပ်ငန်းရှင်များအား ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် သုဝဏ္ဏနယ်မြေရဲစခန်းမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၁၉ ရက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေးစဉ်။** ခရိုင်(ပြန်/ဆက်)

## စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်

**❖ စာမျက်နှာ ၉ မှ**

ဤအစဉ်အလာသည် မြန်မာလူမျိုးတို့ ရှေးအစဉ်အဆက်ကတည်းကပင် ထိန်းသိမ်းဆောင်ရွက်လာခဲ့ကြသည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါသည်။

ဤသို့ ရှိခိုးတောင်းပန်ရသည့် အကျိုးမှာ ကန်တော့ခံပုဂ္ဂိုလ်များထံမှ တရားထူးတရားမြတ်များ၊ အဖိုးတန်သည့်ဆုံးမစကားများ နာယူမှတ်သားရခြင်း၊ ပို့သပေးသည့် ဆုတောင်းမေတ္တာအကျိုးများကို ခံစားကြရပါသည်။ ထို့ပြင် အပြစ်များကို ဖွေမယူ ခွင့်လွှတ်ပါကြောင်း ပြောကြားကြသည့်အခါ ကြားရသူတို့မှာ စိတ်လက်ပေါ့ပါး၍ စိတ်ချမ်းသာမှုကိုပါ ခံစားကြရသည်။ ထိုပုဂ္ဂိုလ်များသည် ပညာရှိသူတော်ကောင်းများ၏ ချီးမွမ်းမှုကိုခံရခြင်း၊ လူချစ်လူခင်ပေါများခြင်း၊ ယဉ်ကျေးလိမ္မာသူများအဖြစ် အသိအမှတ်ပြုခံရခြင်း စသည့်အကျိုးများကိုလည်း ခံစားရနိုင်ပါသည်။

သီတင်းကျွတ်လသည် ဘာသာရေးအရလည်းကောင်း၊ ယဉ်ကျေးမှုအရလည်းကောင်း ထူးကဲမွန်မြတ်သည့်လတစ်လဖြစ်ပါသည်။ သီတင်းကျွတ်လတွင် အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ ကျောက်ဆည်မြို့ ဆင်လျှံပွဲ စသည့်ပွဲတော်များ၊ အခြားတန်ခိုးကြီးဘုရားပွဲတော်များ၊ မီးထွန်းပွဲတော်ကျင်းပခြင်း ဧလေ့ထုံးစံများသည် မြန်မာနိုင်ငံသာမက နိုင်ငံတကာအထိ ထင်ရှားသည့် ပွဲတော်ကြီးများဖြစ်ပါသည်။

သီတင်းကျွတ်လ၌ ဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ရုံးဌာနများ၊ ရပ်ရွာဒေသများနှင့် နေအိမ်များတွင် ဆီမီးထွန်းညှိပူဇော်ခြင်း၊ အဘိမွှာတရားတော်နာယူခြင်း၊ အဘိမွှာခုနစ်ကျမ်းတွင် ပါဝင်သည့် ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ အလှူဒါနများပြုခြင်း၊ တရားဘာဝနာအားထုတ်ခြင်းတို့ဖြင့် ကုသိုလ်ယူကြပါသည်။ ပျော်ပွဲရွှင်ပွဲများကိုလည်း စည်းလုံးညီညွတ်စွာ တပျော်တပါး ကျင်းပကြခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြပါသည်။

ယဉ်ကျေးမှုဆိုသည်မှာ ယဉ်ကျေးသိမ်မွေ့ပြေပြစ်သောတတ်သိလိမ္မာမှု၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဧလေ့ထုံးတမ်းများဖြစ်ပါသည်။ ရှေးအစဉ်အဆက်က ဘိုးဘွားမိဘများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ခြင်းကြောင့် မြန်မာလူမျိုးတို့သည် ယဉ်ကျေးသိမ်မွေ့သောလူမျိုးအဖြစ် ရပ်တည်နေနိုင်ခြင်း ဖြစ်ပါသည်။ နောင်လာနောက်သားများအနေဖြင့်လည်း မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများကို မတိမ်ကော မပပျောက်စေရန်၊ ပျက်စီးယိုယွင်းသွားခြင်းမရှိစေရန် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား**

- **မြန်မာအဘိဓာန်၊ မြန်မာစာအဖွဲ့၊ ပညာရေးဝန်ကြီးဌာန**
- **သုခမ္ဘတ်စု**
- **ဝိဿဇ္ဇက (ပဲခူး) ၏ ဗုဒ္ဓါ တပတိ တေဇော**
- **ပန်းတိုင် ဦးသန်းမောင်၏ ဆယ့်နှစ်လရာသီပွဲတော်များနှင့် မှတ်တမ်းကဗျာများ**
- **နေ့စဉ်ထုတ်သတင်းစာများ**



## လယ်ဝေးမြို့နယ်ဦးစီးမှူးရုံး၌ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးမြို့နယ် ဦးစီးမှူးရုံး၌ ဧည့်ကြိုကောင်တာဆောင်ရွက်ထားရှိမှု၊ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းပြောင်းဝင်/ပြောင်းထွက်နှင့် မွေးဖွားမှု၊သေဆုံးမှုတို့အတွက် လူဦးရေ အတိုး/အလျော့လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ အသက် (၁၈) နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများ၊ နိုင်ငံသားကတ် ပျက်စီး/ ပျောက်ဆုံးသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် e-ID စနစ်ဖြင့် UID ကတ်ကောက်ယူဆောင်ရွက်နေမှု၊ မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ပိုးမွှားအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စာရွက်စာတမ်းအချက်အလက်များ လုံခြုံမှုရှိစေရေးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အသက်(၁၈)နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး မရရှိသေးသူများ၊ နိုင်ငံသားကတ်ပြား ရရှိပြီးသော်လည်း ပျက်စီး/ပျောက်ဆုံးသူများ၊ အိမ်ထောင်စုလူဦးရေစာရင်း အတိုး/ အလျော့၊ ပြောင်းဝင်/ ပြောင်းထွက် ဆောင်ရွက်သူများ၊ နိုင်ငံသားကတ်ပြားရရှိပြီး e-ID စနစ်ဖြင့် UID ကတ် မရရှိသေးသူများအား သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများ၌ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့် လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း

(၂၀၂၆)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဦးစားပေးလျှောက်ထားသူများအနက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့် နေရာကို ကျန်းမာရေးဝန်ကြီးဌာန၏ Website(www.moh.gov.mm), ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm), ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာနတို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

အဆိုပါကြေညာချက်ပါအချက်အလက်များကို သေချာစွာဖတ်ရှုပြီး သူနာပြုသိပ္ပံ(နေပြည်တော်)၌ ကျင်းပ ပြုလုပ်မည့် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ မိမိတို့ဖြေဆိုရမည့် သတ်မှတ်နေ့ရက်များအတိုင်း မပျက်မကွက်(**မပျက်မကွက်**) လာရောက်ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် နံနက်ပိုင်းတွင် ဖြေဆိုရမည့်သူများ အနေဖြင့် (၀၇:၃၀)နာရီအရောက် လာရောက်ရမည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် (၁၁:၃၀)နာရီအရောက် လာရောက်ရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| ဖြေဆိုရမည့်ခုံအမှတ် | ဖြေဆိုရမည့်နေ့ရက် |
|---|---|
| ဆေးတက္ကသိုလ်ဝင်ခွင့်ဖြေဆိုရမည့်သူများ | |
| - ခုံအမှတ်(၁)မှ(၅၈၀)ထိ | ၂-၁၁-၂၀၂၆ |
| - ခုံအမှတ်(၅၈၁)မှ(၁၁၆၀)ထိ | ၃-၁၁-၂၀၂၆ |
| - ခုံအမှတ်(၁၁၆၁)မှ(၁၄၇၂)ထိ | ၄-၁၁-၂၀၂၆ |
| သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့်ဖြေဆိုရမည့်သူများ | |
| ခုံအမှတ်(၁)မှ(၂၂၇)ထိ | ၄-၁၁-၂၀၂၆ |

ကျန်းမာရေးဝန်ကြီးဌာန
(၂၃-၁၀ -၂၀၂၆)



သန်လျင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက လက်ယက်စမ်းကျေးရွာရှိ Regency စက်သုံးဆီအရောင်းဆိုင်နှင့် ကုလားဝဲကျေးရွာရှိ PT Power စက်သုံးဆီ အရောင်းဆိုင်များအား အောက်တိုဘာ ၂၁ ရက်က မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။

သန်းဝင်း(သန်လျင်)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၃

လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းသည် ဒုတိယဝန်ကြီးဦးစစ်နိုင်နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်း (ရွာတော်)၌ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ကျောင်းသား ကျောင်းသူများနှင့် လာရောက်တွေ့ဆုံရခြင်းသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်က ကျောင်းသား ကျောင်းသူများသည် အနာဂတ်နိုင်ငံတော်အတွက် မိမိတို့တတ်မြောက်ထားသည့် အတတ်ပညာများကို မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းပြီး ပြန်လည် သင်ကြားပေးရမည့် မြင့်မြတ်သည့် လူငယ် ကျောင်းသား ကျောင်းသူများ ဖြစ်သည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း ပြောကြားပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များ မေးမြန်းဆွေးနွေးမှုကို ပြန်လည်ဖြေကြားပေးကာ သုတ၊ရသ စာအုပ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြိတ်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဆောင်ရွက်

မြိတ် အောက်တိုဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာရှိ ရှမ်းချောင်းဝန်ထမ်းရပ်နှင့် ရှမ်းချောင်းရပ်၌ အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက မြိတ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဆောင်၍ တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်စစ်ဆေးခြင်းနှင့် မီးသတ်မူရေးပညာပေးခြင်း ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဇော်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ကလွင်ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကလွင်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များမှ ပြည်သူများ မီးသတ်မူရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စနစ်တကျမီးသုံးစွဲမှု ရှိ/မရှိ၊ လျှပ်စစ်ပိုင်ယာကြိုးများ စနစ်တကျသွယ်တန်းထားမှုရှိ/မရှိ၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ ဆောင်ရွက်ထားမှုစစ်ဆေးပြီး မီးသတ်ပေးပို့စတာများနှင့် ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



## ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာ၌ မတ်ပဲစိုက်ပျိုးနေမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

ရေကြည် အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာသို့ ကွင်းဆင်း၍ ရေကြီးနစ်မြုပ်ခဲ့သည့် တောင်သူ ဦးသန်းဝင်း၏လယ်မြေ ခုနစ်ဧကတွင် မတ်ပဲစိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထိုသို့စိုက်ပျိုးမှုတွင် တိုင်းဒေသကြီးဘတ်ဂျက်(သက်တံ့ရောင်စိမ်ကိန်း)ဖြင့် ဆောင်ရွက်သည့် ဆီဆုံကုန်းကျေးရွာ ဆင်းဧကရီစိုက်/ထုတ်အသင်းရှိ ရေကြီးနစ်မြုပ်ခဲ့သည့် သမဝါယမအသင်းပိုင်ဧကပ ၁၅၀ တွင် စပါး ၈၄ ဧက၊ မတ်ပဲ ၆၆ ဧကမှ ဧကပ ၄၀ အထိ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဆင်းပွဲများ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဖွဲ့စည်းတာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံ သင်တန်းကျောင်းအသီးသီး၌ ကျင်းပကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆု ရရှိသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်နှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)မှသင်တန်းသားများကိုကြွခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့် သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၇)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကို လည်း ယခုကဲ့သို့ ကြားသိရပါသည်-

**သင်တန်းသား - ၁**

အစတုန်းကတော့ အရပ်သားဘဝကနေ စတင်ကူးပြောင်းလာတာဖြစ်တဲ့အတွက် ဘာမှသိပ်မသိဘူးဆိုပေမယ့် ဒီက ဗိုလ်လေးတွေ၊ နည်းပြတွေ၊ ဆရာတွေမှာ အထက်ကပေးအပ်တဲ့ တာဝန်တွေကို သေချာကျေပွန်အောင် ထမ်းဆောင်ပြီးတော့မှ တိုင်းပြည်အကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးနိုင်တဲ့ ပြည်သူ့စစ်မှုထမ်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါမယ်လို့ဆုံးဖြတ်ထားပါတယ်။



**သင်တန်းသား-၂**

ကျွန်တော်ကတော့ ဒီသင်တန်းကို တက်ရောက်ရတဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံတော်က ချမှတ်ထားတဲ့ ပြည်သူ့စစ်မှုထမ်း ဥပဒေကို လိုက်နာမယ်။ ပြီးရင် တာဝန်ကို ကျေပွန်အောင် ကြိုးတွေက စစ်အခြေခံပညာတွေ တတ်ကျွမ်းအောင်လို့ သူတို့က သေချာသင်ပေးတယ်။ နောက်ပြီးတော့ ကိုယ်တွေက အခုမှ ပထမဦးဆုံးဆိုတော့ တွေ့ကြုံရတဲ့ အခက်အခဲတွေ အများကြီး ရှိပါတယ်။



သင်တန်းဆင်းပြီး ဘာတွေ ပြောင်းလဲသွားလဲဆိုတော့ ကိုယ့်ကိုယ်ကိုယ် မြန်မာနိုင်ငံသားတစ်ယောက်အဖြစ် လုံးလုံးကြီး ဖြစ်သွားတယ်လို့ ခံစားရပါတယ်။ ကျွန်တော်တို့က တပ်ရင်းတပ်ခွဲတွေမှာ အထက်ကပေးအပ်တဲ့ တာဝန်တွေကို သေချာကျေပွန်အောင် ထမ်းဆောင်ပြီးတော့မှ တိုင်းပြည်အကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးနိုင်တဲ့ ပြည်သူ့စစ်မှုထမ်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါမယ်လို့ဆုံးဖြတ်ထားပါတယ်။

# ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် KNLA အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့ဝင် ၅၂ ဦးတို့အား မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်ဘက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KNLA အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၄၇ ဦးနှင့် အမျိုးသမီးငါးဦး စုစုပေါင်း ၅၂ ဦးတို့သည် လက်နက်မျိုးစုံ ၂၃ လက်၊ ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့် အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များဖြစ်ကြသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မှ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦး၊ လိပ်သိုမြို့မှ အမျိုးသမီးတစ်ဦး၊ ဆင်လန်မြို့မှ အမျိုးသားနှစ်ဦး၊ အုတ်ဖိုမြို့မှ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး၊ ကညွတ်ကွင်းမြို့မှ အမျိုးသားနှစ်ဦး၊ နတ္တလင်းမြို့မှ အမျိုးသားလေးဦး၊ ညောင်လေးပင်မြို့မှ အမျိုးသားလေးဦး၊ ပြည်မြို့မှ အမျိုးသားတစ်ဦး၊ မင်းလှမြို့မှ အမျိုးသားတစ်ဦး၊ တောင်ငူမြို့မှ အမျိုးသားလေးဦးနှင့် KNLA အဖွဲ့မှ အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၅၂ ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသူများနှင့်ငင်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေးစကား ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် Type-81 သေနတ်တစ်လက်၊ MA-1 သေနတ်တစ်လက်၊ MA-3 သေနတ် တစ်လက်၊ MA-4 သေနတ်တစ်လက်၊ လက်လုပ်ပစ္စတို သေနတ်တစ်လက်၊ လက်လုပ် ပြောင်းချောသေနတ် တစ်လက်၊ MA-11 သေနတ် တစ်လက်၊ AR-9 သေနတ် တစ်လက်၊ AK-9 သေနတ်တစ်လက်၊ M4 ကာဘိုင် သေနတ်တစ်လက်၊ လက်လုပ် သေနတ် သုံးလက်၊ ရိုင်ဖယ် သေနတ် တစ်လက်၊ ကာဘိုင် သေနတ်နှစ်လက်၊ ပစ္စတို့သေနတ် လေးလက်၊ ခြောက်လုံးပြူး သေနတ်တစ်လက်၊ M 79 ဗုံးပစ် လောင်ချာတစ်လက်၊ လက်လုပ် သေနတ်တစ်လက် စုစုပေါင်း ၂၃ လက်၊ လက်ပစ်ဗုံးရှစ်လုံး၊ ကျည်အိမ်ကိုးခု၊ ကျည်မျိုးစုံ ၂၀၇ တောင့်၊ ပလတ်စတစ်နင်းမိုင်း တစ်လုံး၊ ၄၀ မမဗုံးသီး နှစ်လုံး၊ ကျည်ကာဦးထုပ် တစ်လုံးနှင့် စကားပြောစက် ရှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၁၀ လက် အတွက် ဆုကြေးငွေကျပ် သိန်း ၅၀၀၊ လောင်ချာနှစ်လက်အတွက် ဆုကြေးငွေ ၁၅၀၊ ပစ္စတိုလေး လက်နှင့် ခြောက်လုံးပြူးတစ်လက် အတွက် ဆုကြေးငွေ သိန်း ၁၀၀၊ လက်လုပ်သေနတ် ခြောက်လက် အတွက် ဆုကြေးငွေ သိန်း ၃၀၊ လက်ပစ်ဗုံး ရှစ်လုံး၊ ၄၀ မမ ဗုံးသီးနှစ်လုံးနှင့် နင်းမိုင်းတစ်လုံး အတွက် ဆုကြေးငွေကျပ် ၃၃ သိန်း၊ စကားပြောစက်ရှစ်လုံးနှင့် ကျည်ကာဦးထုပ် တစ်လုံးတို့ အတွက် ဆုကြေးငွေ ၁၈ သိန်း၊ စုစုပေါင်း ဆုကြေးငွေကျပ် ၈၃၁ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ၅၂ ဦးအတွက် ဆုကြေးငွေကျပ် ၅၂ သိန်း၊ စုစုပေါင်းဆုကြေးငွေကျပ် ၈၈၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ခဲဝန်းကတိလက်မှတ် ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကိုယ်စား ကိုယ်စား လှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွား အတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား မြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများကို ဗိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား အတွင်း ဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများ ကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်တော်က KNLA တပ်မဟာ(၆) စစ်ကြောင်း COBRA-1 ကပါ။ စတင်ဝင်တုန်း ကတော့ ကင်းတွေစောင့်ရတယ်။ လူကြီးနောက်ကို လိုက်ရတယ်။ သူတို့က အပြောနဲ့အလုပ်နဲ့ မညီဘူး။ မတူဘူးဗျ။ မကိုက်ညီလို့ အဲဒါကြောင့် အလင်းပြန်ဝင်လိုက်တာ ဖြစ်ပါတယ်။ ကျန်ရှိတဲ့သူတွေကိုလည်း အလင်းဝင်ဖို့ ကျွန်တော့် အနေနဲ့ဖိတ်ခေါ်ပါတယ်။ အားလုံးလည်း အဆင်ပြေပါတယ်။

၂။ ကျွန်တော်က KNLA တပ်မဟာ(၆)ကပါ။ ကျွန်တော် တို့က ကင်းစောင့်၊ ထမင်းချက်၊ ထင်းခွေတာတွေ လုပ်ရပါတယ်။ တစ်ခါတလေကျတော့ လက်နက်ကိုင်ပြီး တိုက်ပွဲဝင်ရပါတယ်။ အခုလိုအလင်းဝင်ဖို့ ဆုံးဖြတ်ခဲ့တာကလည်း တိုက်ပွဲအတွေ့ အကြုံတွေများလာတဲ့ အလျောက် ဒုက္ခတွေကလည်း ရောက်တယ်။ နောက်ပြီးတော့ စားဝတ်နေရေး လည်း ဒုက္ခရောက်တယ်။ နောက်ပိုင်းဘယ်လိုဖြစ်လာလည်း ဆိုတော့ တပ်ဖွဲ့ဝင်တွေကလည်း စုစည်းမှုမရှိတော့ဘူး။ စုစည်းမှုမရှိတဲ့အခါကျတော့ အကုန်လုံး လက်ရှိအဖွဲ့လေးနဲ့ တိုင်ပင်ပြီးတော့ အလင်းဝင်ကြမယ်။ တို့တွေရဲ့ အနာဂတ်တွေလည်း ပျောက်တယ်။ မိသားစုတွေလည်း စိတ်မအေးရဘူး။ တို့တွေလည်း အသက်ငယ်သေးတယ် ဆိုပြီးတော့ အဲဒီရည်ရွယ်ချက်နဲ့ ကျွန်တော်တို့အဖွဲ့တွေ အားလုံး ညီညီညွတ်ညွတ်နဲ့ အလင်းဝင်ခဲ့တယ်။ တပ်မတော်ဘက်ကလည်း နွေးနွေးထွေးထွေး ကြိုဆိုတဲ့ အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းအားလုံးကို ကျွန်တော်တို့လို အလင်းဝင်စေချင်တယ်။ ဒုက္ခတွေ မရောက်စေချင်ပါဘူး။ ကိုယ်ခံစားရတဲ့ဘဝတွေက ကိုယ်သာ အသိဆုံး ဖြစ်တာကြောင့် အလင်းဝင်စေချင်ပါတယ်။

၃။ ကျွန်တော့်ရဲ့ အသက်က အခုဆို ၅၀ ရှိပါပြီ။ ကျွန်တော် တာဝန် ထမ်းဆောင်ခဲ့ရတာက တော့ မြဝတီမြို့ KNU တပ်မဟာ (၆) ဗျူဟာ (၂၇)နေရာမှာ ကျွန်တော်တို့လုပ်ကိုင်ဆောင်ရွက် ခဲ့ပါတယ်။ ကျွန်တော်တို့ သူတို့ နေရာမှာ တာဝန်ခြောက်လ ထမ်းဆောင်ပြီး အခုလိုအလင်းဝင်ဖို့ နည်းလမ်းမျိုးစုံနဲ့ ဆက်သွယ်ပြီး ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အပြင်



၁



၂



၃

မှာပြောတဲ့အသံနဲ့ အတွင်းမှာ ပြောတဲ့အသံနဲ့ ကွဲပြားမှုတွေလို့ သိအောင်လို့ ကျွန်တော်တို့ လက်နက်ကိုင်ဆောင်ခြင်းကို လုံးဝ နှစ်သက်လို့ခြင်း မရှိတဲ့အတွက် ကြောင့် ကျွန်တော့်အနေနဲ့ အခုလို အလင်းဝင်ရောက်လာခြင်း ဖြစ်ပါ တယ်။ တပ်ဖွဲ့အသီးသီးမှာ ရောက်ရှိနေတဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေ ကျွန်တော်တို့ လက်ရှိ အလင်းဝင်ရောက်တဲ့ နေရာကတော့ အေးချမ်းစွာနေထိုင် ရတယ်။ မိသားစုနဲ့ဖြစ်တဲ့အတွက် ကြောင့် တောထဲမှာရှိကြတဲ့ ညီအစ်ကိုမောင်နမများအားလုံး၊ လက်နက်ကိုင် အဖွဲ့အစည်း အားလုံး တပ်မတော်နဲ့ပူးပေါင်း ဆောင်ရွက်ကြပါလို့ ပြောချင်ပါ တယ်။ ကျွန်တော်တို့ကို အခုလို နွေးထွေးစွာ လက်တွဲခေါ်ယူတဲ့ အတွက်ကြောင့် နိုင်ငံတော်အကြီး အကဲများကိုလည်း အထူးကျေးဇူး တင်ရှိပါကြောင်း ကျွန်တော် ဒီနေရာကနေ ပြောလိုပါတယ်။

သတင်းစဉ်



## ဟုမ္မလင်းမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

ဟုမ္မလင်း အောက်တိုဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းကို အဆိုပါရုံးခန်းမ၌ အောက်တိုဘာ ၂၁ ရက်က ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ဦးစွာ ခရိုင်စိမ်ခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### သင်ကြားပို့ချ

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများ ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူခဲ့ပြီး Corn Dong မှုန့်ပြုလုပ်နည်းကို သင်ကြားပို့ချသည်။

အဆိုပါ သင်တန်းတွင် Corn Dong ပြုလုပ်နည်း၊ Donut အမျိုးမျိုး၊ ငါးပေါင်းမုန့်ပြုလုပ်နည်း၊ Chicken Puff ပြုလုပ်နည်း၊ Pea Puff မုန့်သိုင်းချို၊ ကွတ်ကီးပြုလုပ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး ကျင်းပ



ထားဝယ် အောက်တိုဘာ ၂၃

တနင်္သာရီ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၆) ကို ယနေ့နံနက် ၉ နာရီခွဲခန့် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မှာကြား

အစည်းအဝေးတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက တိုင်းဒေသကြီး သည် ရှည်လျားသောကမ်းရိုးတန်း ဒေသ ကျွန်းစုများ၊ သယံဇာတများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမည့် အလားအလာကောင်းများကို ပိုင်ဆိုင်ထားသောကြောင့် ဒေသ၏ အားသာချက်နှင့် ကိုက်ညီသော ရင်းနှီးမြှုပ်နှံသူများကို ဖော်ထုတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ကော်မတီအတွင်းရေးမှူးက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်မှု အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ထားဝယ်ခရိုင် Dawei Golden Land Co., Ltd.၏ မြို့ပြင်းခံရော်ဘာအဆင့် RSS-1,2,3 ထုတ်ကုန်များ ပြည်တွင်း/ပြည်ပ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၊ ကော့သောင်းမြို့နယ် Century Bright Gold Co., Ltd. ၏ ဟိုတယ်နှင့် အပန်းဖြေစခန်း ဝန်ဆောင်မှုလုပ်ငန်းနှင့် Kento Trading Co., Ltd. ၏ ဟိုတယ်နှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းတို့မှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

စဉ်ကိုင်မြို့နယ် မြို့ဝန်ကုန်းကျေးရွာ၌ အောက်တိုဘာ ၂၂ ရက်က မီးဘေးကြုံတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇော်မိုးထွန်းနှင့်တပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်းမီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

သက်မောင်(ကျောက်ဆည်)



**နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးဟာ မြန်မာတိုင်းရင်းသားတွေအတွက်ရော မြန်မာလူငယ်တွေရော မြန်မာပြည်သူတွေအတွက်ပါ အင်မတန်ဂုဏ်ယူဖွယ်ကောင်းတဲ့ ပြိုင်ပွဲကြီးဖြစ်ပါတယ်

ဦးသန်းကျော်

နေပြည်တော် အောက်တိုဘာ ၂၃

(၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယနေ့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -



မသက်နှင်းစံ



စောသိန်းမင်းထက်



မဆုရတီမောင်



ဦးသန်းကျော်

**မသက်နှင်းစံ**

**အခြေခံပညာအဆင့်(၁၅-၂၀) အက**

ကျွန်မက မန္တလေးတိုင်းဒေသကြီးကို ကိုယ်စားပြုပြီး ဒုတိယအကြိမ် လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ (၂၅)ကြိမ်မြောက်မှာ ဒုတိယဆုရရှိခဲ့ပါတယ်။ ဒီနှစ်လည်း လူပင်ပန်းစိတ်ပင်ပန်းခံပြီး အများကြီး ကြိုးစားထားခဲ့ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း အနုပညာလုပ်ငန်းကို ဆက်လုပ်သွားမှာပါ။ အခုယှဉ်ပြိုင်ခဲ့တာမှာ ကျေနပ်အားရမှုရှိတာကြောင့် အမေနဲ့ အဖေအတွက်ကိုလည်း ကျေးဇူးဆပ်သလို ခံစားရပါတယ်။



စောနီးဒိုထူး



မကြာဖြူ



မောင်မင်းသွေးကျော်

**စောနီးဒိုထူး**

**အခြေခံပညာအဆင့်(၁၅-၂၀) အက**

**စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု**

အခုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရဖို့ ခရိုင်ကနေ တိုင်း၊ တိုင်းကနေ ဗဟို စသဖြင့် အဆင့်ဆင့်ကို အများကြီး ကြိုးစားလေ့ကျင့်ခဲ့ရပါတယ်။ ဆရာတွေ သင်ကြားပေးတဲ့ အတိုင်း အမြဲတမ်းလိုက်လုပ်ခဲ့ပါတယ်။ (၂၅)ကြိမ်မြောက်တုန်းကလည်း ဗဟိုအဆင့်အထိ ရောက်ရှိခဲ့ပါတယ်။ အဲဒီတုန်းက ဆုတော့မရခဲ့ပါဘူး။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေ ဆက်လက် ထိန်းသိမ်းချင်တဲ့စိတ်၊ ကိုယ့်ရဲ့ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတဲ့ စိတ်တွေဖြစ်ပေါ်လာပါတယ်။ ပြိုင်ပွဲကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးသန်းကျော်**

**ပါသန်ရှင် ဒုတိယတန်း အရေးပြိုင်ပွဲ**

**တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု**

ရေးဖွဲ့ခဲ့တဲ့ သီချင်းခေါင်းစဉ်က မြန်မာ့ဂုဏ်ရည်ပါ။ မြန်မာတို့ရဲ့ စည်းလုံးညီညွတ်မှုကို ပြတဲ့ပုံစံ၊ စည်းလုံးညီညွတ်မှုဟာ လူမျိုးတွေရဲ့ နိုင်ငံရဲ့ ဂုဏ်ရည်တစ်ရပ်ဖြစ်တဲ့ အကြောင်းကို ဖော်ညွှန်းထားပါတယ်၊ ဒီနေ့ယှဉ်ပြိုင်ခဲ့တဲ့ အပေါ်မှာ အားရကျေနပ်မှုရှိပါတယ်၊ အရေးပြိုင်တာကတော့ လေး- ငါး ကြိမ်လောက် ပြိုင်ဖူးပါတယ်၊ ဆုတော့ မရခဲ့ဖူးပါဘူး။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဟာ မြန်မာတိုင်းရင်းသားတွေ အတွက်ရော မြန်မာလူငယ်တွေရော မြန်မာပြည်သူတွေအတွက်ပါ အင်မတန် ဂုဏ်ယူဖွယ်ကောင်းတဲ့ ပြိုင်ပွဲကြီး ဖြစ်ပါတယ်။ နောက်ထပ် မိုးကုန်သစ်တွေကိုလည်း ဂုဏ်ယူ ဝုံကြွားစွာနဲ့ ဒီလိုပြိုင်ပွဲကြီးမှာ ဝင်ရောက် ယှဉ်ပြိုင်ကြပါလို့ ပြောချင်ပါတယ်။

**မောင်မင်းသွေးကျော်**

**အတီး(ဂီတာ)၊ အဆင့်မြင့်ပညာအဆင့်**

**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော်ဒီပြိုင်ပွဲကြီးကို (၂၅) ကြိမ်မြောက်နဲ့ (၂၆)ကြိမ်မြောက် ပြိုင်ပွဲတွေမှာလည်း လာရောက်ယှဉ်ပြိုင်ဖူးပါတယ်။ ဂီတာအပြင် ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲမှာလည်း ပါဝင်ယှဉ်ပြိုင်မှာပါ။ ဂီတာပညာကို လွန်ခဲ့တဲ့ သုံးနှစ်လောက်က စပြီး လေ့လာဖြစ်တာပါ။ ပြိုင်ပွဲတွေ ကျင်းပပေးတာ ကောင်းပါတယ်။ ကျွန်တော်တို့ မြန်မာဂီတာ၊ မယ်ဒလင်၊ ဒုံမင်း စတဲ့ ကြိုးတပ်တူရိယာအများစုက အခုခေတ်မှာ ကျတော့ စိမ်းသွားပါပြီ။ အခုလို ကြိုးတပ်တူရိယာတွေကိုအမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာကျောင်းမှာ တီးဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ - လင်းသူရ**

မြို့နယ် မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ စက်သုံးဆီဆိုင်များ၌ မီးဘေးလုံခြုံရေး လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြစဉ်။

ထွန်းထွန်း(သာစည်)



ရန်ကုန်တိုင်းဒေသကြီး မော့ဘီ မြို့နယ်မြို့မဈေး၌ အောက်တိုဘာ ၂၁ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်ဆောင်ရွက်စဉ်။

ကောင်းမြတ်သူ(မော့ဘီ)



# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းမြို့အနီးဒွံ့ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၃

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်အတွက်နယ်မြေရှင်းလင်းခြင်းနှင့်ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီ ၃၀ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းမြို့၏ အရှေ့မြောက်ဘက် မီတာ ၃၆၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၉၅ ဦးနှင့် အမျိုးသမီး လေးဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျားပေ ၁၀၀ အနံပေ ၅၀ ရှိ သွပ်မိုးသွပ်ကာ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့နယ်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။

အဆောက်အအုံတစ်လုံးအတွင်းမှ All in One ကွန်ပျူတာ ၁၃ လုံး၊ ဖုန်းမျိုးစုံ ၁၉၃ လုံး၊ StarLink နှစ်လုံး၊ စားပွဲ ၂၃ လုံး၊ ထိုင်ခုံ ၉၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ပျက်စီးစေပြီး လူ့ကျင့်ဝတ်သိက္ခာများ ထိခိုက်စေ၍ အများပြည်သူအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကိုပါ အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနိုင်မှုနှင့် ခြေမကင်းလာသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေမှုများအား သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသားများအား ဖမ်းဆီးရမိစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့အနီး အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိစဉ်။

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။




တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများဖြင့် အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးမှာ ယနေ့အထိ ၈၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၃ လုံး ဟူ၍ အဆောက်အအုံ အမျိုးအစား အလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်း များကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရား များဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ များအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက် လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူး အလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀


ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများအား ၎င်းတို့၏နေအိမ်များသို့ ပြန်လည်နေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေရိုလွှဲမှဆည်ရေများလျှောခြ လျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှောအိကျ နေရာတစ်လျှောက်တွင် မိုးရေ စိုခြင်း၊ နေပူဒဏ်နှင့်ရေလိုင်းရိုက်ခတ်ခြင်းဒဏ် မခံရ စေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုး ကာကွယ်ခြင်း၊ တမံလျှောအိကျမှုအား ကာကွယ် ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာ တောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်



ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရား များအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြ ရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေရိုလွှဲမှ ရေထုတ်လွတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၂၃ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၉ ဒသမ ၆၅ ပေသာကျန်ရှိတော့သဖြင့် ၁၅ ဒသမ ၃၅ ပေခန့် ရေထုတ်လွတ် လျှော့ချပြီးဖြစ်ကြောင်းနှင့် တမံ ကျိုးပေါက်မှုအန္တရာယ် စိုးရိမ်ဖွယ်မရှိတော့သဖြင့် ရေလှောင်တမံဆင်ခြေလျှော နိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများမှ ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်နိုင်ရေး အတွက် အောက်တိုဘာ ၂၂ ရက်မှစ၍ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင် များ၊ ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ကူညီရွှေ့ပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

# မကွေးမြို့နယ်အတွင်းရှိ ကျေးရွာသုံးရေကန်များ ကန်ပေါင်မြှင့်တင်ဆောင်ရွက်

မကွေး အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပြုပြင်လျူဒါန်းသည့် မကွေးမြို့နယ် ကန်လှ ကျေးရွာအနီးရှိ ကန်လှအရှေ့(ရွာဦးကန်) မြေသားကန်အား မကွေးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှု တိုင်း(၃)မှ မြေတူးစက်နှစ်စီး၊ မြေသယ်ယာဉ် တစ်စီးတို့ဖြင့် ကန်ပေါင်ပေါ်ရှိ သစ်ပင်ချုံနွယ် များ ဖယ်ရှားရှင်းလင်းခြင်း၊ နုန်းများ တူးဆယ်ခြင်း၊ ရေစီး/ရေလာ ကောင်းမွန် စေရန်ဆောင်ရွက်ပေးခြင်း၊ ကန်ပေါင်အား ပုံစံကျပြုပြင်ပေးခြင်း ဆောင်ရွက်ပြီးစီးမှုတို့ကို ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုညီ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ မကွေးမြို့နယ် မကြီးကန် ကျေးရွာအုပ်စု မကြီးကန်ကျေးရွာမှ ကြာကန် နှင့် နွားကူးကျေးရွာမှ နွားကူးကန် ပြုပြင်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ကျရောက် လာနိုင်သည့် အယ်လ်နီညိုရာသီဥတုကြောင့် ရေရှားပါးမှု အခက်အခဲကြုံတွေ့ရစေရန်နှင့်



ကျေးရွာသူ ကျေးရွာသားများ ရေလုံလောက် စွာ သုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်း၍ ရေရရှိရေးလုပ်ငန်းများကို စနစ် တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကန်ပေါင်မြှင့်တင်ခြင်း (ကန်ဆင့်/ကန်မြှင့်)လုပ်ငန်းများ ဆောင်ရွက် ထားရာ အယ်လ်နီညိုရာသီဥတုကြောင့် မိုးခေါင်ရေရှားဖြစ်ပေါ်လာပါက ရေကန် အတွင်း မိုးရေကို ပိုမိုများပြားစွာ သိုလှောင် ထားရှိနိုင်မည်ဖြစ်ပြီး သိုလှောင်ထား ရှိသည့် ရေများကို ကျေးရွာသူ ကျေးရွာသားများ အတွက် သောက်သုံးရေ လုံလောက်စွာ ဖြန့်ဝေပေးနိုင်မည့်အပြင် အိမ်မွေးတိရစ္ဆာန်များ အတွက် လိုအပ်သောရေရရှိကာ စိုက်ပျိုးရေး လုပ်ငန်းများအတွက်ပါ စနစ်တကျအကျိုးရှိရှိ ခွဲဝေအသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း သိရ သည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ၆၆ ကေဒို ဘားအံ-စက်မှုဇုန် ဓာတ်အားလိုင်းနှင့် စက်မှုဇုန်-လှိုင်းဘွဲ့ ဓာတ်အားလိုင်း၊ ၂၃၀ ကေဒို ရွှေမြို့ ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ် ဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၂၃

၂၃၀/၆၆/၁၁ ကေဒို ဘားအံပင်မဓာတ်အားခွဲရုံမှ ဓာတ်အား ဖြန့်ဖြူးပေးထားသည့် ၆၆ ကေဒို ဘားအံ-စက်မှုဇုန်ဓာတ်အားလိုင်း နှင့် စက်မှုဇုန်-လှိုင်းဘွဲ့ ဓာတ်အားလိုင်းများကို လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်း ဆောင်ရွက်နေစဉ် ၆၆ ကေဒို ဘားအံစက်မှုဇုန်ဖီဒါမှ ဓာတ်အား ဖြန့်ဖြူးပေးထားသည့် တောင်ကလေးပတ်ဝန်းကျင်ရှိ အရေးကြီး နေရာများ၊ စက်ရုံ၊အလုပ်ရုံများ၊ ကျေးရွာများနှင့် ၆၆/၃၃/၁၁ ကေဒို လှိုင်းဘွဲ့(ချမ်းသာ) ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် လှိုင်းဘွဲ့ ၊ ပိုင်ကျုံ၊ မြိုင်ကြီးငူ၊ ကမမောင်းမြို့များနှင့် ကမ်းနီအနီးရှိ ကျေးရွာများတို့တွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ် သည်။

အလားတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက် မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အား ခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း များ ဆောင်ရွက်လျက်ရှိရာ ၂၃၀ ကေဒို ရွှေမြို့ ပင်မဓာတ်အားခွဲရုံရှိ ချို့ယွင်းမှုဖြစ်ပေါ်နေသော ဓာတ်အားလွှတ်ပစ္စည်းများကို ထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းအား အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဧရာဝတီ၊ တပ်ကုန်းနှင့် ဥတ္တရသီရိမြို့နယ်များရှိ စက်ရုံ/အလုပ်ရုံများ၊ ရပ်ကွက် နှင့် ကျေးရွာများ၏ နေရာအချို့နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်း၊ ပျော်ဘွယ်နှင့် ရန်အောင်မြို့နယ်များရှိ စက်ရုံ/အလုပ်ရုံများ၊ ရပ်ကွက်နှင့်ကျေးရွာများ၏ နေရာအချို့တွင် အချိန်ငါးနာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည် ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဇရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာ/ လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထား ပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရ သည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၀-၂၀၂၆

ကျပ်/လီတာ

| Fuel (ဝယ်လိုစရာနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | စဉ့်ကူ | ပုသိမ် | မြန်ကြီးနား | စစ်ကွေး | တာချံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | ရှွေ့ခိုကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၇၁၅ | ၄၈၅၀ | ၄၈၂၀ | ၄၇၃၀ | ၄၈၂၅ | ၄၈၉၀ | ၄၉၂၅ | ၄၈၀၀ | ၅၁၀၀ | ၄၇၂၀ | ၄၈၂၀ | ၄၉၈၀ | ၄၉၃၅ | ၄၈၇၀ | ၄၈၀၀ | ၅၁၀၀ |
| 95 Ron | ၄၈၉၅ | ၄၉၉၀ | ၄၉၄၀ | ၄၈၅၀ | ၄၉၀၅ | ၅၀၁၀ | ၅၀၄၀ | ၄၉၂၀ | ၅၂၉၀ | ၄၉၄၀ | ၄၉၉၅ | ၄၉၆၀ | ၅၀၁၀ | ၄၉၉၀ | ၅၀၁၀ | ၅၂၉၀ |
| HSD (500 ppm) | ၄၄၄၅ | ၄၅၅၀ | ၄၅၄၅ | ၄၄၆၀ | ၄၅၅၀ | ၄၆၀၀ | ၄၆၃၀ | ၄၄၂၅ | - | ၄၆၀၅ | ၄၅၄၅ | ၅၁၀၀ | ၄၆၃၀ | ၄၅၉၀ | ၄၆၀၀ | ၄၈၂၀ |
| HSD (50 ppm) | ၅၀၀၅ | ၅၀၅၀ | ၅၀၀၀ | ၅၀၉၀ | ၅၀၄၅ | ၅၀၅၀ | ၅၀၅၀ | ၅၀၆၀ | ၅၀၈၀ | ၅၀၅၅ | ၅၀၄၀ | ၅၀၇၀ | ၅၀၅၀ | ၅၀၅၀ | ၅၀၅၀ | ၅၀၇၀ |
| HSD (10 ppm) | ၅၀၀၅ | ၅၀၅၀ | ၅၀၀၀ | ၅၀၉၀ | ၅၀၄၅ | ၅၀၅၀ | ၅၀၅၀ | ၅၀၆၀ | | ၅၀၅၅ | ၅၀၄၀ | ၅၀၇၀ | ၅၀၅၀ | ၅၀၅၀ | ၅၀၅၀ | ၅၀၇၀ |

ကျပ်/လီတာ

| Fuel (ဝယ်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၉၈၆ | ၄၉၀၀ |
| 95 Ron | ၄၉၀၂ | ၄၈၂၇ |
| HSD (500 ppm) | ၄၂၃၆ | ၄၃၅၀ |
| HSD (50 ppm) | ၅၁၁၃ | ၅၂၂၆ |
| HSD (10 ppm) | ၅၁၁၃ | ၅၂၂၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇- ၄၁၁၂၈၅၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# စစ်တွေမြို့၌ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသောဒေသခံပြည်သူများအား စစ်တွေမြို့ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသပေးနေမှု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကြည့်ရှု ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်

**စစ်တွေ အောက်တိုဘာ ၂၃**

စစ်တွေမြို့ပေါ်သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် ယနေ့နံနက်ပိုင်းတွင် ထိခိုက်ဒဏ်ရာရရှိသော ဒေသခံပြည်သူများအား စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးကုသပေးနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

**ပေးအပ်**

စစ်တွေမြို့ပေါ်သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် လူနေရပ်ကွက်များ ပေါ်သို့ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိခဲ့ရာ ဆေးရုံတက်ရောက်ကျန်းမာရေး စောင့်ရှောက်မှုခံယူနေသော လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပြည့်ဝစွာဆောင်ရွက်ပေးနိုင်ရေး ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ဆေးကုသမှုခံယူနေသော ထိခိုက်ဒဏ်ရာရလူနာများကို တွေ့ဆုံအားပေးစကားပြောကြားပြီး သေဆုံးသူများ၏ မိသားစုဝင်များနှင့် ဆေးကုသမှုခံယူနေသော ဒဏ်ရာရသူများကို ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**





# (၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် အောက်တိုဘာ ၂၃**

(၃၈) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသူများအတွက် အားဆေးများ၊ အာဟာရဖြည့်စွက်စာများ ပေးအပ်ကြသည်။

ဆက်လက်၍ ဆေးရုံရောဂါရှာဖွေရေးဌာနရှိ ဓာတ်ခွဲခန်းများတွင် ဆေးဝါးနှင့် ဓာတ်ခွဲပစ္စည်းများ စနစ်တကျတပ်ဆင်ထားရှိမှု၊ ရောဂါရှာဖွေစစ်ဆေးပေးနေသည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလျင်မြန်ချောမွေ့စွာရရှိရေးနှင့် စက်ပစ္စည်းများ ရေရှည်ကြံခိုင်ကောင်းမွန်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားကာလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စည်သူ(ပြန်/ဆက်)**

❍ ၂၀၂၆ ခုနှစ်မှ

(၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့အနေဖြင့် အောက်တိုဘာ ၂၂ ရက်အထိ ပြိုင်ပွဲများအပြီး၌ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု စုစုပေါင်းဆုတံဆိပ်လေးခု ဆွတ်ခူးရရှိထားပြီး အောက်တိုဘာ ၂၃ ရက်တွင် မြန်မာအသင်းမှ ရေကူးကစားသမား ညီညီလင်းထက်က မီတာ (၁၀၀) အလွတ်ကူးပြိုင်ပွဲကို ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၁၂၈) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၂၈) ရဲဗလတပ်ခွဲ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးလှိုင်က ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူပြီး သင်တန်းဆင်းတပ်ခွဲများအားစစ်ဆေး၍ ဒုတိယရဲအုပ်လောင်းများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကိုခံယူကာ အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်းကောင်းမြတ်သူ(၂)၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ကျော်စိုးဝင်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ကောင်းမြတ်သူ(၂)၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ပြည့်ဖြိုးကျော်၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း လူလူမင်းဆွေတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က သင်တန်းဆင်းဂုဏ်ပြု အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရမည့်သူများအနေဖြင့် လက်အောက်ငယ်သားများ၏ စိတ်ဓာတ်နှင့်စွမ်းရည်တို့ကို စနစ်တကျစုစည်းပြီး ပေးအပ်လာသည့်တာဝန်များကို အောင်မြင်အောင်ထမ်းဆောင်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အပေါ်၊ တပ်ဖွဲ့အပေါ်နှင့် လုပ်ဖော်ကိုင်ဖက်များအပေါ်တွင် ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ပြီး အခက်အခဲအကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တိုင်း၌ မှတ်ကျောက်အတင်ခံနိုင်သည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။



မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် "နိုင်ငံတော်တွင် အရေးကြုံတိုင်းနောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်းလက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့်တပ်ဖွဲ့ဖြစ်သည်"ဟူသည့် အစဉ်အလာကောင်းနှင့်အညီ တပ်မတော်နှင့်အတူလက်တွဲ၍ နယ်မြေခံပြည်သူ့စစ်အဖွဲ့၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ဒေသခံပြည်သူလူထုနှင့်အတူ အချို့နေရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိအောင် ဆောင်ရွက်လျက်ရှိပြီး တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ကာကွယ်စောင့်ရှောက်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်သည်ကို ကောင်းစွာသိရှိနားလည်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် "မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဖြင့်ဆုံးဂုဏ်သိက္ခာသည် ပြည်သူလူထုက အားကိုးယုံကြည်မှုပင်ဖြစ်သည်" ဆိုသည့်ခံယူချက်နှင့်အညီ ပြည်သူက လေးစားပြီး အားကိုးယုံကြည်ရသည့် စွမ်းရည်ရှိသော ရဲတပ်ဖွဲ့ဖြစ်စေရေး ကြိုးပမ်းထမ်းဆောင်သွားကြစေလိုကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများကို စွမ်းစွမ်းတမံ တိုးဖြင့်ဆောင်ရွက်ပြီး ပြည်သူများ၏လုံမှုစီးပွားဘဝကို ထိခိုက်စေနိုင်သည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ တပ်မတော်၊ ပြည်သူတို့နှင့်အတူ ပူးပေါင်းလက်တွဲကာ အရှိန်အဟုန်ဖြင့် ပါဝင်တိုက်ဖျက်ကြရမည်ဖြစ်ကြောင်း။

တပ်ဖွဲ့ဝင်အားလုံး လေ့ကျင့်သားပြည့်ဝနေစေရေး "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့်အညီ တစ်ဦးချင်းအလိုက်၊ တပ်ဖွဲ့အလိုက် ကိုင်တွယ်အသုံးပြုရသည့် လက်နက်၊ ခဲယမ်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန်နှင့် အမြဲအသင့်ဖြစ်နေစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်သွားကြရန်နှင့် သိသင့်သိထိုက်သည့် အသိပညာ၊ အတတ်ပညာများကိုလည်း လေ့လာသင်ယူပြီး လက်တွေ့နယ်ပယ်၌အသုံးချနိုင်သည်အထိ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူအတွက်ဖြစ်စေရမည်ဟူသည့်ခံယူချက်ဖြင့် လေ့ကျင့်သား ပြည့်ဝသောရဲ၊ အဂတိကင်းရှင်းသောရဲ၊ ပြည်သူချစ်သောရဲ အရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်မျိုးမင်းထိုက်နှင့် ရဲအရာရှိကြီးများ၊ နိုင်ငံဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဗဟိုဗီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈) ရဲဗလတပ်ခွဲတွင် တပ်တွင်းဘွဲ့ရအမျိုးသား ၁၈၄ ဦး၊ အမျိုးသမီး ၅၆ ဦး၊ ပြင်ပဘွဲ့ရအမျိုးသား ၅၃ ဦး၊ အမျိုးသမီး ၅၀၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အမျိုးသားခြောက်ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၃၅၅ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ွေပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၃

လက်ွေအားကစား အဆင့်အတန်း ပိုမိုမွဲ့ဖြိုးတိုးတက်မြင့်မား လာစေရေးနှင့် မျိုးဆက်သစ် လက်ွေ အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ လက်ွေအဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ွေပြိုင်ပွဲ" အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက် ဗိုလ်လုပွဲပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးပဲခူးမြို့ အားကစားဥယျာဉ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ွေပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၄၈၊ ၅၄၊ ၆၀၊ ၆၃.၅၊ ၈၀)ကီလိုတန်း ပြိုင်ပွဲများနှင့် အမျိုးသမီး(၄၈၊ ၅၀၊ ၆၃) ကီလိုတန်း ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ၄၈ ကီလို တန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ခန့်ဖြိုးကျော်(အပြာ)က တနင်္သာရီတိုင်းဒေသကြီး အသင်းမှ လင်းထက်စံ(အနီ)ကို လည်းကောင်း၊ ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အသင်းမှ ထွန်းထက်ခိုင်(အနီ)က ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ဖြိုးကျော်ကျော်(အပြာ)ကို လည်းကောင်း၊ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ သီဟအောင်(အပြာ)က မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်သူရ(အနီ)ကိုလည်းကောင်း၊ ၆၃.၅ ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ အေးကိုဇင်(အနီ)က ရန်ကုန်တိုင်းဒေသကြီး အသင်းမှ လုံဂျုံရိန်ကြွယ်နော်(အပြာ)ကိုလည်းကောင်း၊ ၈၀ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ကောင်းထက်ဇော် (အနီ)က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကောင်းမြတ်သူ (အပြာ)ကိုလည်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ၄၈ ကီလို တန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ အိမ်ခဲမြတ်သော်(အပြာ)က တနင်္သာရီတိုင်းဒေသကြီး အသင်းမှ ဖူးပွင့်မြတ်(အနီ)ကိုလည်းကောင်း၊ ၅၀ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ သန္တာ(အပြာ)က မန္တလေးတိုင်းဒေသကြီး အသင်းမှ လဝန်းနွယ်(အနီ)ကို လည်းကောင်း၊ ၆၃ ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ဇင်မာဝေ(အပြာ)က ကရင်ပြည်နယ်အသင်းမှ နန်းခင်မာဦး(အနီ)ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယ ဆုရရှိသူများ၊ အမျိုးသား အကောင်းဆုံး အားကစားသမား ဆုရရှိသည့်မန္တလေးတိုင်းဒေသကြီး အသင်းမှ ထက်မြတ်လွင်၊ အမျိုးသမီး အကောင်းဆုံး အားကစားသမားဆု ရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ဇင်မာဝေ၊ အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်း၊ အမျိုးသမီး တံခွန်စိုက်ဆုဖလား ရရှိသည့် တနင်္သာရီတိုင်းဒေသကြီး အသင်းနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို အခမ်းအနားသို့ တက်ရောက်လာကြသည့် အကြီးအကဲပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဆုကြေးငွေများ၊ အကောင်းဆုံး အားကစားသမားဆု (Trophy) နှင့် တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

"၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ွေပြိုင်ပွဲ" ကို အောက်တိုဘာ ၁၆ ရက်မှ ၂၃ ရက်အထိ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ် မိုးလုံလေလုံ အားကစားရုံ၌ ပြိုင်ပွဲကာလ ရှစ်ရက်ကြာ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အမျိုးသား အသင်း ၁၄ သင်း၊ အမျိုးသမီး အသင်း ၁၄ သင်း၊ စုစုပေါင်း အင်အား ၂၂၃ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### ❖ M–League ပြိုင်ပွဲမှ

မြဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဟံသာဝတီယူနိုက်တက်–ရန်ကုန်ယူနိုက်တက်၊ အား/ကာသိပ္ပံ–ရှမ်းယူနိုက်တက်ပွဲစဉ်တို့ကို ရွေးဆိုင်းထားသည်။ ယခုရာသီတွင် ခြေစွမ်းပြနေသည့် ဒဂုံစတားယူနိုက်တက်အသင်းသည် ကစားပုံမှာကျောသည့် သစ္စာအားမာန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ပွဲစဉ် (၄) တွင် မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့သည့် ရတနာပုံအသင်းသည် ဧရာဝတီအသင်းနှင့် အဝေးကွင်း ထပ်မံကစားရမည်ဖြစ်သည်။ အမှတ်ပေးဇယား ဒုတိယနေရာအထိ တက်လှမ်းလာသည့် တန်းတက် ရန်ကုန်စီးတီးအသင်းသည် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ဒဂုံစတားအသင်းကို ဖိအားပေးနိုင်ရန် ဆက်လက် ကြိုးပမ်းရမည်ဖြစ်သည်။ တန်းတက်နှစ်သင်း တွေ့ဆုံသည့် Chinland အသင်းနှင့် မြဝတီအသင်း ထိပ်တိုက်တွေ့ဆုံမှုမှာလည်း ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။

ပွဲစဉ် (၄) အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၀ မှတ်၊ ရန်ကုန်စီးတီးအသင်းက ရှစ်မှတ်၊ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းက ခုနစ်မှတ်စီ၊ ရန်ကုန်ယူနိုက်တက်အသင်းက ခြောက်မှတ်၊ သစ္စာအားမာန်အသင်းက ငါးမှတ်၊ စစ်ကိုင်းယူနိုက်တက်အသင်း၊ အား/ကာသိပ္ပံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့က လေးမှတ်စီ၊ ဧရာဝတီယူနိုက်တက်အသင်းက သုံးမှတ်၊ Chinland အသင်းနှင့် မြဝတီအသင်းတို့က တစ်မှတ်စီရရှိထားသည်။ ပွဲစဉ် (၄)တွင်လည်း AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲယှဉ်ပြိုင်ခဲ့သည့် ရှမ်းယူနိုက်တက် အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့၏ပွဲစဉ်များ ရွေးဆိုင်းခဲ့သဖြင့် ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်၊ ဧရာဝတီယူနိုက်တက်နှင့် မြဝတီအသင်းတို့မှာ သုံးပွဲစီသာ ကစားရသေးပြီး ကျန်အသင်းများမှာ လေးပွဲစီကစားထားပြီးဖြစ်သည်။

သတင်း–ညီမြတ်သော်တာ

ဓာတ်ပုံ–MLeague



## POSCO International Corporation က ပေ ၄၀ အရှည် Fiber စက်လှေသုံးစင်း ပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၃

POSCO International Corporation မှ ပေ ၄၀ အရှည် Fiber စက်လှေသုံးစင်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက စက်လှေများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

ဆက်လက်၍ POSCO International Corporation မှ တာဝန်ရှိသူက တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးထံ စက်လှေများ လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ စက်လှေများကို ကြည့်ရှုကြကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

### ✪ M–League II မှ

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရာမညယူနိုက်တက်အသင်းနှင့် VUE နေပြည်တော်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ အဖွင့်ပွဲတွင် အနိုင်ရထားသည့် နှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး သရေတစ်မှတ်စီ ခွဲယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ချေဝင်းသွင်းယူခဲ့သည့် ရာမညယူနိုက်တက်အသင်းမှ စောဘီးဘောလ်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် Junior Lions အသင်းက Elite Kings အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှုံးပွဲကြုံတွေ့ထားသည့်နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး Junior Lions အသင်း ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို Junior Lions အသင်းအတွက် တတိယဂိုးသွင်းယူသည့် စွမ်းဇာနည်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက Asia Lion အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရခိုင်ယူနိုက်တက်အသင်းမှ ဇော်ဇော်နိုင်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် (၂) ဒုတိယနေ့ကို အောက်တိုဘာ ၂၅ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် Enjoy Brother အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း–ကိုညီလေး

ဓာတ်ပုံ–MLeague

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ကာယဗလနှင့် ကာယကြံခိုင်မှုအားကစားပြိုင်ပွဲ ကျင်းပမည်

မန္တလေး အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ကာယဗလနှင့် ကာယကြံခိုင်မှုအားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်း ဘက်စုံသုံးအားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသား ကာယဗလမောင်ပြိုင်ပွဲတွင် ပါဝင်မည့် ပြိုင်ပွဲဝင် အတန်းများမှာ ၂၁ နှစ်အောက် ကာယဗလမောင်ပြိုင်ပွဲ၊ ၅၅ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်း၊ ၈၅ ကီလိုအထက်၊ အမျိုးသား Athletic Physique Up to 170cm၊ အမျိုးသား Athletic Physique Over 170cm၊ အမျိုးသား Sport Physique Up to 170cm၊ အမျိုးသား Sport Physique Over 170cm၊ အမျိုးသား Fitness Physique Open တို့ ဖြစ်ကြသည်။

အမျိုးသမီးကာယကြံခိုင်မှု ပြိုင်ပွဲတွင် Model Physique Up to 160 cm၊ Model Physique Over 160 cm၊ Athletic Physique Open၊ Fitness Physique Open ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု လူရွေးပွဲပါဝင်ယှဉ်ပြိုင်မည့် သူများသည် ယနေ့မှစ၍ ပြိုင်ပွဲဝင်ပုံစံများကို ဗဟိုကွင်းရှိ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံခိုင်မှုဆပ်ကော်မတီရုံး လေ့ကျင့်ရေးခန်းမ၌ စတင်လက်ခံမည်ဖြစ်ပြီး အောက်တိုဘာ ၂၈ ရက် နောက်ဆုံးထားသို့ ပေးပို့ရမည်ဖြစ်ကာ အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီတွင် ဗဟို ကာယဗလလေ့ကျင့်ရေးခန်းမ၌ ခါးနံပါတ်နှင့် အလေးချိန်မည်ဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်နှင့် သန်းခေါင်စာရင်းမူရင်းနှင့်အတူ စစ်ဆေးခံရမည်ဖြစ်သည်။

စည်းကမ်းချက်များအနေဖြင့် အသက် ၂၁ နှစ်အောက် ကာယဗလ ပြိုင်ပွဲမှအပ ကျန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်မည့် အားကစားသမားများမှာ အသက်ကန့်သတ်မှုမရှိ၊ အသက် ၂၁ နှစ်အောက် ကာယဗလပြိုင်ပွဲဝင်မည့် အားကစားသမားများသည် ၂၀၂၇ ခုနှစ် ဧန်နဝါရီ ၁၆ ရက် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲကျင်းပမည့်ရက်အထိ အသက် ၂၁ နှစ်ထက် မကြီးသူ ဖြစ်ရမည်၊ ဝိတ်တန်းအလိုက်ပြိုင်ပွဲများနှင့် အမျိုးသား/ အမျိုးသမီး ကာယဗလနှင့် ကာယကြံခိုင်မှုပြိုင်ပွဲများတွင် နိုင်ငံ့လက်ရွေးစင်အဖြစ် နိုင်ငံတကာပြိုင်ပွဲများ၌ ရွေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိထားသူများ ယှဉ်ပြိုင်ခွင့်မပြု၊ ပြိုင်ပွဲဝင်ကစားသမားတစ်ဦးလျှင် ကစားနည်းတစ်မျိုးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်၊ မိမိယှဉ်ပြိုင်မည့်အတန်းအတွက် တိကျသည့် ကိုယ်အလေးချိန်အား သေချာစွာပြင်ဆင်ထားရမည်၊ နိုင်ငံသားစိစစ်ရေးကတ် ၉/ မဟုတ်သူများသည် မန္တလေးတိုင်းဒေသကြီးအတွင်း မိမိနေထိုင်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ခြောက်လအထက်နေထိုင်ကြောင်း ထောက်ခံစာတင်ပြနိုင်ရန်နှင့် နိုင်ငံသားစိစစ်ရေးကတ် ၉/ မဟုတ်သော်လည်း မန္တလေးတိုင်းဒေသကြီး အိမ်ထောင်စုစာရင်းရှိသူများသည် အိမ်ထောင်စုစာရင်းမူရင်းနှင့် မိတ္တူ၊ ပတ်စ်ပို့ခ်ဘော်ပုံ သုံးပုံ ပူးတွဲတင်ပြရမည်၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများ ၁၈ နှစ်ပြည့်မှတ်ပုံတင် လဲလှယ်ထားရမည်၊ ဆရာနေဆန်း – ဖုန်း ၀၉၇၉၅၆၈၁၂၂၇၊ ဆရာဇော်ကြီး ဖုန်း ၀၉၂၀၆၀၀၉၆၊ ဆရာကျော်ဆန်းမောင် ဖုန်း ၀၉ ၂၅၉၁၄၂၀၃ တို့သို့ ဆက်သွယ်နိုင်သည်။

တင်မောင်(မန္တလေး)

# ရေးမြို့နယ်၌ (၁၂၈)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းကြီးလောင်းပွဲကျင်းပ



ရေး အောက်တိုဘာ ၂၃

မွန်ပြည်နယ် ရေးမြို့နယ်တွင် (၁၂၈)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းကြီးလောင်းပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ ကျောင်းတိုက် အသီးသီးမှ ဆရာတော်ကြီးများ၊ သံဃာတော် အရှင်သူမြတ်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူသည်။

ဆက်ကပ်လှူဒါန်း

အဆိုပါ ဆွမ်းကြီးလောင်းပွဲကို ရေးမြို့ ရွှေဆံတော်စေတီတော်ရှေ့မှ စတင်ကာ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် စကားတောင်စေတီတော်ရှေ့အထိ လောင်းလှူကြမည် ဖြစ်ပြီး ကျောင်းတိုက် ၉၀ မှ ဆရာတော်၊ သံဃာတော်အရှင်သူမြတ် ၁၁၆၉ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၈၁ ပါးတို့အား ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး သူရဦးရန်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ရေးမြို့နယ်(ခေတ္တ) တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ကျော်သူဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာ/မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

# မြန်အောင်မြို့နယ်၌ သာသနာ့နွယ်ဝင်များအား UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်



မြန်အောင် အောက်တိုဘာ ၂၃

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ လမင်းစိမ်ချက်ဖြင့် သာသနာ့နွယ်ဝင်များအား ဇီဝဆိုင်ရာ အချက်အလက်များနှင့် UID ကတ်များကို အောက်တိုဘာ ၂၁ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက မြန်အောင်မြို့ ဝေဠုဝန်ပရိယတ္တိ စာသင်တိုက်၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဝေဠုဝန်နိကာယဂိုဏ်းရှိ ကျောင်း ၅၃ ကျောင်းမှ သံဃာတော် အပေါင်း ၁၁၀ တို့၏ ဇီဝဆိုင်ရာအချက်အလက်များ၊ စီစစ်ကောက်ယူပြီး UID ကတ်များ ဆောင်ရွက်ပေးခဲ့ရာ မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက UID ကတ်များအား ဆရာတော်ကြီးများနှင့် သံဃာတော် အရှင်သူမြတ်တို့အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဧရာဦးသာ



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ကြိမ်ဂနိုင်အုပ်စု၊ ခြေဖြစ်ပင်ကျောင်းတိုက်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက မြို့နယ်သံဃာ့ကယ်ကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် သီတင်းသုံးတော်မူသော ခြေဖြစ်ပင်ကျောင်းတိုက်၌ ဆရာတော် သံဃာတော်များအား UID (စမတ်ကတ်) များကို အောက်တိုဘာ ၂၂ ရက်က ဆောင်ရွက်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

သွေး သည် အသက်

## နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။


### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ်-ဆ-၃၊ ဦးပိုင်အမှတ်- ၆၄-က/မြ၄၃၇၀ လမ်းကြား၊ ၁၀၈၁၀၀၉ လမ်းကြားရှိ ခေါ်ထွေးထွေးအမည်ပေါက် ဂရန်းမြေကွက်အား ဖခင် ဦးလွတော်၊ မိခင် ခေါ်ထွေးထွေးတို့ ကွယ်လွန်၍ ကျန်ရစ်သူသမီးများဖြစ်ကြသော ခေါ်ဝါဝါဝတ်မှု(၇/ကလတ(နိုင်)၀၆၂၇၃၅)၊ ခေါ်နွန်နွန်ဝတ်မှု(၄/ကလတ(နိုင်)၀၈၇၇၂၈)၊ ခေါ်စုံစုံဝတ်မှု(၅/ကလတ(နိုင်)၀၉၂၈၄၄)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမွတီရပ်ကွက်၊ အကွက်အမှတ်-၄၆၉၊ ဦးပိုင်အမှတ်(၉-က)၊ ၈၄ လမ်း၊ အ.မ.က(၃)ကျောင်းအရှေ့ဘက်အနီးရှိ ဦးညွှန့်တင် အမည်ပေါက် ဘိုးဘေးမြေကွက်အား ဖခင် ဦးညွှန့်တင်၊ မိခင် ခေါ်မြမြဝင်းတို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ခေါ်စည်သူဝင်း (၉/မရတ(နိုင်)၁၁၇၆၇၀)၊ ဦးသက်နိုင်အောင် (၉/မရတ(နိုင်)၁၁၇၀၇၄)၊ ခေါ်ယဉ်ယဉ်မွန်မွန် (၉/ခမစ(နိုင်)၀၁၁၁၁၉)တို့က ဘိုးဘေးအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၆)၊ ဦးပိုင်အမှတ်(၁၈)၊ ၇၅ လမ်း၊ ၃၆x၃၀ လမ်းကြားရှိ ခေါ်ငွေ့၊ ခေါ်အေသလေး၊ ခေါ်ဝင်းကြည်၊ ခေါ်ညီ၊ ခေါ်ဝိုင်တို့ (၅)ဦးအမည်ပေါက် ဂရန်းမြေကွက်အား ဖခင် ဦးချက်၊ မိခင် ခေါ်ငွေ့၊ သမီး ခေါ်အေသလေး (အဖြဲဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူ ပုးတွဲအမည်ပေါက်သည့် သမီးများဖြစ်ကြသော ခေါ်ဝင်းကြည် (၉/မရတ(နိုင်)၀၆၆၂၉၈)၊ ခေါ်ညီ (၉/မရတ(နိုင်)၀၆၆၂၀၁)၊ ခေါ်ဝိုင် (၉/မရတ(နိုင်)၀၆၆၂၀၀)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စ၀-၅)၊ ဦးပိုင်အမှတ်(၃၇-၃)၊ ၁၀၅x၀၀၆ လမ်းကြား၊ ၅၅x၅၆ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးသန်းစိန် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ခေါ်သန်းနု(၃)ခေါ်သန်းသန်းနု(၉/မရတ(နိုင်)၀၁၄၇၃၉)က ဂရန်စာချုပ် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာဖြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်(စ၂၁-က(အ.က.ဂ))၊ ဦးပိုင်အမှတ်(E-၂)၊ ၆၂ လမ်း၊ ၃၅x၃၆ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးဖန်ရောက် ကြောင် (၁) ဦးလွမြင့်(၁)သန်းလွင် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ရန်ဆွေဆိုင် (၁၁/လရန(နိုင်)၀၅၃၂၇၄)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စ၀-၅)၊ ဦးပိုင်အမှတ်(၃၇-၃)၊ ၁၀၅x၀၀၆ လမ်းကြား၊ ၅၅x၅၆ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးသန်းစိန် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်သန်းနု(၃)ခေါ်သန်းသန်းနု(၉/မရတ(နိုင်)၀၁၄၇၃၉)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စ၈-၃)၊ ဦးပိုင်အမှတ်(၅၈)၊ ၅၇x၅၈ လမ်းကြား၊ ၁၀၅x၀၀၆ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးကိုကြီး ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်မြင့်မြင့်သိန်း (၉/မနတ(နိုင်)၀၃၂၃၃၆)က ၂၄၀၀၀/၎၀၀၀၀ ဌေးသင်းပြေစာများ၊ မြေခွဲမိန့်၊ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်-(၂၃၁)၊ ဦးပိုင်အမှတ်(၃)၊ ၉၀ လမ်းနှင့် သင်္ဘောချောင်းအရှေ့ဝဲတလမ်းကြား၊ ၂၈ x ၂၉ လမ်းကြားရှိ ခေါ်ခင်ခင်ဆိုး အမည်ပေါက် ဘိုးဘဖြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၄၇၃/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော သားဖြစ်သူ ဦးရဲလင်းအောင် (၉/ခအစ(နိုင်)၀၀၉၂၈၁)က အမွှတွဲအမှတ် (၀၂၁၆/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


## "ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃) ရပ်ကွက်၊ ၂၈-လမ်း၊ မြေတိုင်းအမှတ် (၁၅၆၈)၊ မြေကွက်အမှတ် –V 77 and extra Strip adjacent to and North ဧရိယာ (၂၅x ၅၀+၆ လက်မ x ၅၀ပေ)၊ မြေပိုင်ဆိုင်မှုနှင့် အမှတ် (၅၇) ၈၃ တိုက် အဆောက်အဦ၏ သတ္တမထပ်၊ (၈)လွှာအပါအဝင် အဂျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အောက်ပါအတိုင်း ကြေညာပါသည်။"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၃၂-လမ်း၊ အမှတ်-၇၂၊ ပထမထပ်(ဝဲ)တွင် နေထိုင်သူများဖြစ်ကြသော ဦးလှဝင်း [၁၂/ဟတတ(နိုင်)၀၂၉၁၁၄] နှင့် ညီဖြစ်သူ ဦးညီညီဝင်း [၁၂/ကတတ(နိုင်)၀၂၈၂၈၇] တို့၏ ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃) ရပ်ကွက်၊ ၂၈-လမ်း၊ မြေတိုင်းအမှတ် (၁၅၆၈)- မြေကွက်အမှတ်-V 77 and extra Strip adjacent to and North ဧရိယာ (၂၅ x၅၀+၆ လက်မ x ၅၀ပေ)၊ မြေပိုင်ဆိုင်မှုနှင့် အမှတ်(၅၇)၊ ၈၃ တိုက်အဆောက်အဦ၏ သတ္တမထပ်၊ (၈)လွှာအပါအဝင် အဂျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အောက်ပါအတိုင်း ကြေညာပါသည်-

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းနှင့် အဆိုပါတိုက်ခန်းတည်ရှိရာ မြေပိုင်ဆိုင်မှုတို့နှင့်ပတ်သက်၍ ပိုင်ဆိုင်အဂျိုးခံစားခွင့်ရှိသူ၊ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုကြသူများဖြစ်ကြသည့် ဒေါ်ခတီဇာဘီဘီ [၁၂/ဟတတ(နိုင်)၀၀၇၃၁၁၊ ဒေါ်ရီရီမြင့် [၁၂/ဟတတ(နိုင်)၀၄၀၆၄၉]၊ ရှိုးမား(၃)မမေအေးလွင် [၁၂/ဟတတ (နိုင်)၀၃၇၃၅၂]၊ မရီယမ်ဘီ (၃) မမေမြတ်နိုးအောင် [၁၂/ဟတတ(နိုင်)၀၃၈၄၃၆]၊ အိုင်ရာဘီ (၃) ချောနဒီအောင် [၁၂/ဟတတ(နိုင်)၀၃၈၃၃၀]တို့ထံမှ အငြိုးအငြိတ်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများမှ (၂၀၂၄) ခုနှစ်ကတည်းက "မြေပိုင်ဆိုင်မှုနှင့် လူနေထိုက်ခန်းအရောင်းအဝယ်အတွက် စရန်ငွေပေးချေခြင်းကတိစာချုပ်" ချုပ်ဆိုပြီး စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ ရောင်းသူများမှ ၎င်းတို့တရားရုံးတွင် ဖြစ်ပွားနေသည့်အမှုကိစ္စပြီးပြတ်သည်နှင့် ဝယ်သူများအား ဆက်သွယ်ပြီး အခန်းကျလွတ်နှင့် မြေပိုင်ဆိုင်မှုကို ပေးအပ်မည်ဖြစ်ကြောင်းနှင့် တိုက်ခန်း၀ယ်သူမှလည်း ကျန်ငွေများကို ပေးချေရန်သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းနှင့် တိုက်ခန်းတည်ရှိရာမြေတို့၏ ပိုင်ဆိုင်အဂျိုးခံစားခွင့်များနှင့်ပတ်သက်၍ အများပြည်သူ၊ ရောင်းမှား/ဝယ်မှား မဖြစ်စေရန် အသိပေးကြေညာအပ်ပါသည်။

ယွဲ့အပ်ညွှန်ကြားချက်အရ -

| ဒေါ်မေမေလွင် | ဒေါ်မိုးမိုးအေး | ဒေါ်စုလှိုင်ထွေး |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်- ၄၉၇၂) | (စဉ်- ၇၄၇၂) | (စဉ်- ၁၇၂၇၃) |

အခန်း (၁)၊ မြေညီထပ်၊ အမှတ်- ၄၈/၅၀၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၁၁၃၄၁၄၊ ၀၉-၄၂၀၂၉၇၁၀၊ ၀၉-၄၂၄၆၈၃၈၅၂

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့်ဆောက်လုပ်ခဲ့သော အောက်ဖော်ပြပါ အဆောက်အဦအား တာဝန်ယူဆောင်ရွက်ခဲ့သော ကော်မတီမှအသိအမှတ်ပြု ကန်ထရိုက်တာလိုင်စင်ရှိဦးသန်းဝင်း (LC-560)သည်ကွယ်လွန်သွားပါသဖြင့်နီးစပ်ခြင်းရှိသူဒေါ်ခင်နွယ်ဝင်း (မှတ်ပုံတင် အမှတ်-[၁၂/ဓရက (နိုင်) ၁၂၈၄၃၀] မှ အောက်ဖော်ပြပါအဆောက်အဦ အတွက်ပေးသုတ်ခဲ့သောအာဓခံကြေးအား ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်းအကြောင်းကြားလိုက်သည်-

| စဉ် | အဆောက်အဦလိပ်စာ | မြေရှင်အမည် | အဆောက်အဦ ဆောက်လုပ်ခွင့်ရှိ ကန်ထရိုက်တာ | ကန်ထရိုက်တာ လိုင်စင်အမှတ် |
|---|---|---|---|---|
| ၁။ | အမှတ်-၃၄၁၊ တပင်ရွှေထီးလမ်း။ ၁ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ | ဒေါ်ခင်နွယ်ဝင်း | ဦးသန်းဝင်း | LC-560 |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ် (၃၈)၊ နှစ်ခန်းတွဲ (B)ထပ်ကိုက် အဆောက်အအုံ၏ အပေါ်ဆုံးထပ် (B–လွှာ)၊ အခန်းအမှတ်(B–B)။ (အလျားx အနံ) (၁၂၄ x ၅၀)ပေ၊ တိုက်ကို မျက်နှာမူလျင် (လက်ယာဘက်)အခန်း၊ ရေမီးအစုံပါ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နိုဖြူ(၆/အရ(နိုင်)၀၄၄၁၀၉၀၂၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင်ထူး [၁၂/ ကမတ(နိုင်) ၀၇၂၄၆၂]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ် ထံသို့ တိကျစိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်နိုင်ထူး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်ဝင်းဝင်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၆၅)(၂၀-၁၂-၂၀၂၁)**
**အမှတ်-(17/21)၊ မြေညီထပ်၊ ၃၅လမ်း(အောက်)၊ (၃)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၄၄၅၅၅၉၉၉၉၊ ၀၉-၇၆၂၂၃၃၆၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အရှေ့၊ မြေကွက် အမှတ်(၁၁၈၅/က)၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်ရေနာအမှတ် (၁၁၈၅/က)၊ အရှေ့မြို့ပတ်လမ်း ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မြေ့ [၁၂/ဗဟန(နိုင်)၀၁၁၀၂၉] အမည်ပေါက် နှစ် (၆၀) မြောင်းကျဉ်း မြေအား အမည်ပေါက် ဒေါ်မြေ့ (မိခင်)နှင့် ဦးချစ်သိန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်မာလာချစ် [၁၂/သကတ(နိုင်)၁၆၈၇၂၀] မှ မိမိက သာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မြေစာရင်း မှတ်ချက်(၂)အရ (၂၀၀၇)ခုနှစ်တွင် ဒေါ်မြေ့မှ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားသော မှတ်ချက်နှင့် ပတ်သက်၍ ယင်းအရောင်း မြေပုံမှာ အသုံးပြုခဲ့ခြင်း လုံးဝမရှိဘဲ အထားအသို မှားယွင်းကာ ပျောက်ဆုံး သွားခဲ့သည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်ဆိုထားသည့် (၂၄-၈-၂၀၂၆) ရက်စွဲပါ တရားရုံး ကျမ်းကျိန်လွှာ၊ (၄-၉-၂၀၂၆)ရက်စွဲပါ ခံခ်ကတိပြုစာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးချစ်သိန်း(ဖခင်)နှင့် ဒေါ်မြေ့ (မိခင်)တို့၏ သေဆုံးမှုလက်မှတ် ပထမမိတ္ထုမူမို့ အိမ်ထောင်စုလူဦးရေစာရင်း တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာခြင်းအား တရားဝင်ပိုင်ဆိုင်ခွင့်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ် ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြဖွံ့ဖြိုးမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်း ဒေသကြီး သာစည်မြို့နယ်၊ သမဝါယမဦးစီးဌာနခွဲ ဦးစီးအရာရှိ တာဝန်ထမ်း ဆောင်နေသော ဦးညီညီဝင်း[၉/သစန(နိုင်)၀၀၇၀၀၉၉]၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၁-၁၉၆၆ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက် အမှတ်(၈၉-၆)၊ ဦးပိုင်အမှတ်(၈၇-၁)၊ ၁၀၄x၆၀ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ဝေဝေမြင့်မိုး[၉/ဓဇန(နိုင်)၀၁၂၀၀၂၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်နိုင်ထူး [၁၂/ ကမတ(နိုင်) ၀၇၂၄၆၂] မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ် ထံသို့ တိကျစိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်နိုင်ထူး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်ဝင်းဝင်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၆၅)(၂၀-၁၂-၂၀၂၁)**
**အမှတ်-(17/21)၊ မြေညီထပ်၊ ၃၅လမ်း(အောက်)၊ (၃)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၄၄၅၅၅၉၉၉၉၊ ၀၉-၇၆၂၂၃၃၆၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၉)၊ ဦးပိုင်အမှတ်(၈၅၅) ခစင်း(တောင်ခြမ်း၊ မြောက်ခြမ်း)/၆၄x၆၅ကြား၊ ၁၁၅x၁၁၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ငွေးကြွယ် [၉/ မနမ(နိုင်)၀၉၇၇၇၅]၊ ဦးကျော်သိန်း [၉/မနမ(နိုင်)၀၉၇၇၃၄] ဒေါ်ခင်စန်းမြင့် [၉/မနမ(နိုင်)၀၉၇၇၃၆]တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၆၈၇/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခင်မောင်စိုး [၉/ဓရမ(နိုင်)၀၁၂၀၆၃] က ဂရန်စာချုပ်တင်ပြ၍ ခံစင်းပြမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ် ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြဖွံ့ဖြိုးမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက် အမှတ်(၀-၅)၊ ဦးပိုင်အမှတ်(၆၆)/၇၀x၇၁ လမ်းကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြင့် [၉/သစန (နိုင်)၀၀၁၉၈၁]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၂၂/၂၀၀၆) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သင်းသင်းဦး [၉/သစန(နိုင်)၀၀၁၆၂၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြဖွံ့ဖြိုးမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက် အမှတ်(၈၉-၆)၊ ဦးပိုင်အမှတ်(၈၇-က)။ ၄၈x၉၀လမ်းကြား၊ ၁၁၀x ၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်စိုး [၉/ စကတ(နိုင်)၀၄၈၂၀၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြဖွံ့ဖြိုးမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက် အမှတ်(၈၉-၆)၊ ဦးပိုင်အမှတ်(၈၇-က)၊ ၄၈x၉၀လမ်းကြား၊ ၁၁၀x ၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်စိုး [၉/ စကတ(နိုင်)၀၄၈၂၀၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြဖွံ့ဖြိုးမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် (၃၄၀) (၂၀၆၀ x ၆၀၀၆) ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဒေါ်အိပွင့်ဖြူ[၉/ကဃတ(နိုင်)၀၆၀၉၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်ဝင်းသူ [၁၂/ဥကတ (နိုင်)၁၆၆၅၉၀] နှင့် ဒေါ်မာမာသီ [စ/ရစက(နိုင်)၁၃၇၅၅၆] တို့က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက (၇) ရက်အတွင်း ကျွန်ုပ်ထံသာလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝင်းသူ + ဒေါ်မာမာသီတို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကေသီထိုက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၅၀၈၈)**
**အမှတ်-၂၇/၂၉၊ ၃၅-လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၇၉၅၁၁၄၁၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၂ နည်းဥပဒေ ၂၀ )**
**ကျောကိတံတားခရိုင် တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၇**

၁။ ဦးအောင်ကျော်ထွန်းဦး
၂။ မောင်ဘုန်းသက်အောင်စိုး
၃။ မောင်အာကာဖြိုးခန့်
နှင့်
၁။ ဦးအောင်မြင့်
၂။ ဦးမောင်မောင်လတ်

တရားပြိုများ
တရားပြိုင်များ

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ၂၆ခိုင်၊ အမြန်လမ်း၊ ရော်ဘာစီမံကိန်း၊ အမှတ်-စ-၁ ရေ (၂)တရားပြိုင် ဦးမောင်မောင်လတ် (ယခုရေနုလိပ်စာဟော်) သူ သိစေရမည်။**

